မြတ်ဗုဒ္ဓ၏အဆုံးအမတရား

တစ်ခဲနက်ဖြစ်သော ကျောက်တောင်သည် အရပ်လေးမျက်နှာမှလာသော လေကြောင့် မတုန်မလှုပ်သကဲ့သို့ ပညာရှိတို့သည် ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းတို့ကြောင့် မတုန်လှုပ်ကုန်။

ဓမ္မပဒ

မြဝတီ နေ့စဉ်

မှန်မည် ထူးမည်၊ မြန်မည် ဦးမည် အသွင်သစ်နှင့်မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၅၉)

၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၆ ရက်
၂၀၂၅ ခုနှစ်၊ ဇွန် ၁၆ ရက်၊ တနင်္လာနေ့

ဒို့တာဝန်အရေးသုံးပါး

♦ ပြည်ထောင်စုမပြိုကွဲရေး။
♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ၂၀၂၅ ခုနှစ်၊ ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ ကံ့ကော်ပျိုးပင်အား ဦးဆောင်စိုက်ပျိုးပေး

## မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်များကို နိုင်ငံနှင့်အဝန်း နှစ်စဉ်ကျင်းပကြခြင်းဖြစ်၊ ယနေ့မိုးရာသီသစ်ပင် စိုက်ပျိုးပွဲတွင် သစ်မျိုး (၁၆)မျိုး၊ သစ်ပင်ပေါင်း (၃၀၀၀) ကို စိုက်ပျိုးသွားမည်ဖြစ်

**နေပြည်တော် ဇွန် ၁၅**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ၂၀၂၅ ခုနှစ်၊ ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ရန်အောင်မြင်ကြိုးဝိုင်း၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်၍ ကံ့ကော်ပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းများ၊ Naypyitaw State Academy ၊ Naypyitaw State Polytechnic University၊ အစိုးရစက်မှုလက်မှုသိပ္ပံ(နေပြည်တော်)၊ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်တို့မှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**စာမျက်နှာ ၁၆ ကော်လံ ၅** ★




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကံ့ကော်ပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။



## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဇွန် ၁၆ ရက်)

# သစ်ပင်စိုက်ခြင်းဖြင့် ထာဝရကုသိုလ်ယူကြစို့

ရှေးကမိမိတို့၏ဘိုးဘေးဘီဘင်များက သစ်ပင်များစိုက်ပျိုးခဲ့ကြသည်။ ထိုသို့စိုက်ပျိုးခဲ့ကြသဖြင့် သစ်ပင်သစ်တောများကိုမြင်တွေ့ရသည်။ လမ်းဘေးဝဲ/ယာတစ်လျှောက်တွင်လည်းကောင်း၊ ကျေးလက်များတွင်လည်းကောင်း နှစ်ပေါင်းကြာရှည်နေပြီဖြစ်သောသစ်ပင်များကိုမြင်တွေ့ရသည်။ သစ်တစ်ပင်ကောင်းလျှင်ငှက်တစ်သောင်းနားခိုနိုင်သည်ဟုဆိုထားသည့်အတိုင်း အဆိုပါသစ်ပင်ရိပ်တွင်လူသားများသည်အနားယူအပန်းဖြေနိုင်ကြသည်။ လယ်ထွန်၊ ပျိုးနုတ်၊ ကောက်စိုက်၊ စပါးရိတ်သိမ်းကြသည့်အခါ အဆိုပါသစ်ပင်ရိပ်များကိုမှီခိုရသည်။ သစ်ပင်အရိပ်သည်အေးမြသည်။ စိတ်ကိုကြည်နူးစေသည်။

ရှေးကသစ်ပင်များစိုက်ပျိုးခဲ့ကြသလို ယနေ့ခေတ်လူသားတို့သည်လည်း သစ်ပင်များကိုဆက်လက်စိုက်ပျိုးကြခြင်းဖြင့် အမွေကောင်းများထားရှိခဲ့ကြရမည်ဖြစ်သည်။ အမှန်ဆိုရလျှင် သစ်တောသစ်ပင်များမှာ အတိတ်ကာလ၏အမွေအနှစ်ဖြစ်သည်။ အတိတ်ကာလ၏အမွေအနှစ်များသည် ပစ္စုပ္ပန်အတွက်အကျိုးစီးပွားဖြစ်သည်။ ထိုအကျိုးစီးပွားများကိုအသုံးပြုရင်း အနာဂတ်ဖွံ့ဖြိုးမှုအတွက် ရင်းနှီးမြှုပ်နှံသည့်အရင်းအနှီးကောင်းများဖြစ်လာစေရန် ဆောင်ရွက်ကြရမည်ဖြစ်သည်။ နောင်လာနောက်သားမျိုးဆက်သစ်များအား အမွေကောင်းများပေးနိုင်ရေး၊ စိမ်းလန်းစိုပြည်သည့်မြေကြီးမှရွှေသီးစေရေးနှင့် သက်ရှိများအားလုံးအတွက်အကျိုးရှိစေရေး သစ်ပင်များကိုပျော်ပျော်ရွှင်ရွှင်စိုက်ပျိုးကြရမည်ဖြစ်သည်။

သစ်ပင်စိုက်ပျိုးခြင်းမှာ ထာဝရကုသိုလ်ရရှိနေခြင်းဖြစ်သည်။ မြတ်ဗုဒ္ဓကထာဝရကုသိုလ်ခြောက်မျိုးတွင် သစ်ပင်၊ ပန်းပင်၊ အရိပ်ရပင်များစိုက်ပျိုးခြင်းမှာ ထာဝရကုသိုလ်တွင်ပါဝင်ကြောင်းဟောကြားထားသည်။ သစ်ပင်မျိုးစုံစိုက်ပျိုးနေကြသူများသည် ထာဝရကုသိုလ်ကို အလိုလိုရရှိနေကြသူများဖြစ်သည်။ သစ်ပင်တစ်ပင်စိုက်ပျိုးခြင်းမှာ ဇရပ်တစ်ဆောင်လှူဒါန်းသည်နှင့်တူလှသည်။ တိုင်းရင်းဆေးပညာအရ နွယ်မြက်သစ်ပင် ဆေးဖက်ဝင်သည်ဟုဆိုထားရာ သစ်ပင်စိုက်ပျိုးခြင်းဖြင့် ဆေးကုသရာတွင်လည်းများစွာအထောက်အကူဖြစ်စေသည်။ ထို့အတူ ဥတုရာသီတောကိုမှီ၏ဟုလည်းဆိုထားပေရာ ရာသီဥတုကောင်းမွန်မျှတရေးအတွက် သစ်ပင်စိုက်ပျိုးခြင်းဖြင့်ဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်ကိုအလှဆင်လျက်ရှိရာတွင် မြို့ပြကျေးလက်နေရာစုံတွင် သစ်ပင်များစိုက်ပျိုးခြင်းလည်းပါဝင်သည်။ မိမိတို့နေထိုင်သည့်နေရာဒေသများဖွံ့ဖြိုးတိုးတက်စည်ပင်သာယာရေးလုပ်ဆောင်ရာတွင် သစ်ပင်စိုက်ပျိုးခြင်းလည်းပါဝင်သည်။ သစ်ပင်စိုက်ပျိုးခြင်းမှာ လူသားတို့အတွက် သဘာဝပတ်ဝန်းကျင်ကောင်းကျိုးကိုဆောင်ရွက်ခြင်းဖြစ်သည်။ ထို့အတူဆိုးကျိုးကို ကာကွယ်ပေးခြင်းဟုလည်းဆိုနိုင်သည်။ အရိပ်ရလေကာပင်များရှင်သန်ကြီးထွားနေသည့်အခါ သာမန်လေတိုက်ခတ်ခြင်းမျိုးကို ကာကွယ်ပေးနိုင်သည်။

သစ်ပင်စိုက်ပျိုးခြင်းကြောင့် သဘာဝဘေးအန္တရာယ်များလျော့ပါးစေခြင်း၊ ရာသီဥတုညီညွတ်မျှတစေခြင်း၊ မိမိတို့ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေခြင်း၊ အရိပ်အာဝါသနှင့် သန့်စင်သောလေကိုရရှိခြင်း၊ သစ်ပင်များရှင်သန်နေစဉ် အသီးအရွက်အပွင့်များကိုစားသုံးနိုင်ခြင်း၊ ကျေးငှက်တိရစ္ဆာန်များအတွက် နေထိုင်နားခိုစရာ၊ အစာရေစာရရှိခြင်း စသည်ဖြင့်ကောင်းကျိုးများလှသည်။ သစ်ပင်တစ်ပင်ရှင်သန်ဖြစ်ထွန်းအောင်မြင်စေရန် သစ်မျိုး၊ မြေ၊ ရေ၊ ရာသီဥတုတို့အပေါ်များစွာမူတည်သည်။ အထူးသဖြင့် မြေသည်အဓိကဟုဆိုနိုင်သည်။ စိုက်သည့်မြေတွင် သစ်မျိုးအလိုက် အပင်ဖြစ်ထွန်းချင်မှဖြစ်ထွန်းမည်။ မြေဆီမြေနှစ်၊ မြေဩဇာကင်းမဲ့သောမြေ၊ အပင်အတွက်လိုအပ်သောအစိုဓာတ်မထိန်းသောမြေတို့မှာ သစ်ပင်စိုက်ကရှင်သန်ရန်ခက်ခဲသည်။ အပင်ရှင်သန်ရန်အတွက်ရေလိုအပ်သည်။ ရေဝပ်နေသည့်နေရာများတွင် သစ်ပင်စိုက်ပျိုးဖြစ်ထွန်းရန်ခက်ခဲသည်။

သစ်တောဦးစီးဌာနသည် ၂၀၂၅ ခုနှစ် မိုးကာလတွင်သစ်ပင်စိုက်ပျိုးရန် နိုင်ငံပိုင်သစ်တောစိုက်ခင်းများ၊ အာဆီယံလမ်း၊ အမြန်လမ်းနှင့် လမ်းဘေးဝဲ/ယာများ အထူးလုပ်ငန်းတစ်ရပ်အနေဖြင့် အပင်စိုက်ခြင်း၊ နိုင်ငံတစ်ဝန်း မိုးကြို/မိုးကာလသစ်ပင်စိုက်ပွဲတော်များကျင်းပခြင်း၊ ဌာနဆိုင်ရာတပ်ရင်း/တပ်ဖွဲ့များ၊ ပြည်သူများသို့ ဖြန့်ဝေခြင်းတို့အတွက် သစ်မျိုးစုံ၊ ဝါးမျိုးစုံပျိုးပင် ၂၁ သန်းနီးပါးပျိုးထောင်ထားရှိသည်။ ထို့ပြင်သစ်ပင်ပျိုးထောင်မှုနှင့်ပတ်သက်၍ သစ်တောသစ်ပင်ဆိုင်ရာ ဆက်စပ်ဌာနများ၊ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကတစ်နိုင်တစ်ပိုင်ဝါသနာရှင်များ၏ဆောင်ရွက်မှုများပါဝင်ပါက ပျိုးပင်အရေအတွက်ပိုမိုများပြားစွာပျိုးထောင်ထားရသည်။ ထိုသို့ပျိုးထောင်ရသည့်ငွေကြေး၊ အချိန်၊ လုပ်အား၊ နည်းပညာအရင်းအနှီးများစွာစိုက်ထုတ်ရသည်။

ထို့ကြောင့် သစ်ပင်များစိုက်လျှင်ရှင်သန်အောင်စိုက်ပျိုးကြရမည်ဖြစ်သည်။ သစ်ပင်စိုက်ပျိုးသူတိုင်း၏စိတ်တွင် မိမိစိုက်ပျိုးသမျှသစ်ပင်များကိုရှင်သန်နေစေချင်ကြသည်။ ရှင်သန်နေသည့်အပင်များကိုကြည့်၍လည်း ဝမ်းသာပီတိဖြစ်ရသည်။ ဥယျာဉ်မှူးသည် မိမိစိုက်ပျိုးသည့်အပင်များရှင်သန်ရေးအားစိုက်သကဲ့သို့ ထိုအပင်များရှင်သန်ကြီးထွားလာလျှင်လည်း ဝမ်းသာပီတိဖြစ်ရသည်။ သစ်ပင်စိုက်ပျိုးခြင်းမှာစိုက်ပျိုးသူအနေဖြင့် ဝမ်းသာပီတိဖြစ်ရသကဲ့သို့ အမြဲတမ်းရရှိနေမည့် ထာဝရကုသိုလ်လည်းဖြစ်သည့်အတွက် ပျော်ပျော်ရွှင်ရွှင် တက်တက်ကြွကြွ သစ်ပင်စိုက်ပျိုးကြပါစို့ဟု နှိုးဆော်ရေးသားလိုက်ရပေသည်။ ။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှလျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိလျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## အခြေခံအပ်ချုပ်စက်သင်တန်းဆင်းပွဲကျင်းပ

လပွတ္တာ ဇွန် ၁၅

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်လပွတ္တာလုပ်တောင်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံအပ်ချုပ်စက်သင်တန်းဆင်းပွဲအခမ်းအနားကို ဇွန်လ ၁၄ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် လပွတ္တာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်နိုင်မိုးက သင်တန်းတွင် ပထမဆုရရှိသည့် သင်တန်းသူအား အပ်ချုပ်စက်တစ်လုံးပေးအပ်ပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမြတ်ကျော်သူက သင်တန်းဆင်းလက်မှတ်များကိုသင်တန်းသူများထံသို့လည်းကောင်း၊ သမဝါယမဦးစီးဌာန ဦးစီးမှူး ဒေါ်ကြည်ကြည်မွန်က သင်တန်းနည်းပြဆရာမအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့်အမှတ်တရပစ္စည်းများကိုလည်းကောင်း အသီးသီးပေးအပ်သည်။

အဆိုပါသင်တန်းကို မြို့နယ်တွင်းရှိ ကျေးရွာငါးရွာမှ သင်တန်းသူ ၂၀ ဦးတက်ရောက်ပြီး သင်တန်းကာလမှာ မေလ ၁ ရက်မှ ဇွန်လ ၁၄ ရက်အထိ ၄၅ ရက်ကြာ ကျွမ်းကျင်သင်တန်းနည်းပြများက စာတွေ့လက်တွေ့သင်ကြားပို့ချပေးပြီးဖြစ်ကြောင်း သိရသည်။

**တေဇာလင်း**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၆-၆-၂၀၂၅(တနင်္လာနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၀၃ | တရားတော် |
| ၂။ | ၀၇:၁၆ | မေတ္တာပို့ |
| ၃။ | ၀၇:၂၀ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၄။ | ၀၈:၀၀ | မောင်မယ်လေးများသိစေချင် |
| ၅။ | ၁၀:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆။ | ၁၁:၀၀ | ကမ္ဘာ့ရေးရာမှတ်သားစရာ |
| ၇။ | ၁၃:၀၀ | လူတိုင်းကျန်းမာသိမှတ်စရာ |
| ၈။ | ၁၄:၀၀ | မှတ်သားလိုက်နာပုံပမာ |
| ၉။ | ၁၅:၀၀ | အဟောင်းထဲမှအကောင်းဆုံးတေးသီချင်းများ |
| ၁၀။ | ၁၆:၀၀ | မြဝတီနေ့စဉ်သတင်း |
| ၁၁။ | ၁၈:၃၀ | ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ |
| ၁၂။ | ၁၉:၀၀ | **ရုပ်မြင်သံကြားဇာတ်လမ်း မျက်ဝန်းထဲမှာမိုးရွာပြီညို (ပထမပိုင်း) သရုပ်ဆောင်-စိုးသူ၊ ရဲအောင်၊ မေသန်းနု ဒါရိုက်တာ စင်ရော်မောင်မောင်** |

## သဇင်(FM)အသံလွှင့်အစီအစဉ်

၁၆-၆-၂၀၂၅(တနင်္လာနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၀၀ | Sport News |
| ၂။ | ၁၁:၅၀ | ကျန်းမာခြင်းအတွက် သဇင်ရဲ့လက်ဆောင် |
| ၃။ | ၁၅:၀၀ | Jumping For You |
| ၄။ | ၁၆:၄၀ | I Music |
| ၅။ | ၁၈:၂၀ | ဂုဏ်ယူအလွမ်း |
| ၆။ | ၂၂:၂၀ | Goodnight Listeners |

မြဝတီ နေ့စဉ် The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၂၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ နှစ်(၃၀)ပြည့် ပုလဲရတု နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပ





**နေပြည်တော် ဇွန် ၁၅**

၂၀၂၅ ခုနှစ်ဇွန်လ ၁၅ ရက်တွင်ကျရောက်သည့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၏ နှစ်(၃၀)ပြည့် ပုလဲရတုနှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ဒုတိယဝန်ကြီး ဦးဌေးလှိုင်နှင့် ဒေါက်တာမျိုးသန့်၊ အမြဲတမ်းအတွင်းဝန်နှင့်ညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ထမ်းများနှင့်မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က ယခုနှစ်ပတ်လည်နေ့ကို ဂုဏ်ယူစွာ ကျင်းပရခြင်းဖြစ်သည့်အတွက် ပုလဲရတုနှစ်ပတ်လည်နေ့မှသည် ရတုအဆက်ဆက် ရှင်သန်ဖြတ်သန်းနိုင်သည့် ဌာနအဖြစ် ရပ်တည်နိုင်ရေး ဝန်ထမ်းအားလုံးက ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချီးမြှင့်သည့် ဂုဏ်ထူးဆောင်တံဆိပ်ရရှိကြသူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့်ဂုဏ်ပြုဆုငွေများကိုလည်းကောင်း၊ ဝန်ကြီးဌာန စွမ်းဆောင်ရည်ဆု(ပထမအဆင့်)၊ (ဒုတိယအဆင့်)၊ (တတိယအဆင့်) ရရှိကြသည့် အရာထမ်း၊ အမှုထမ်းများအတွက် ကိုယ်စားလှယ်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း၊ ၂၀၂၄-၂၀၂၅ ခုနှစ်အတွင်း နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် အရာထမ်းလောင်းသင်တန်း အမှတ်စဉ်(၁၂) တွင် သင်တန်းသား၊ သင်တန်းသူစံပြဆုရရှိသူနှစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ၂၀၂၄-၂၀၂၅ ခုနှစ်အတွင်း နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များ၌ ဖွင့်လှစ်ခဲ့သည့်သင်တန်းများတွင် စံပြထူးချွန်ဆုရရှိခဲ့ကြသည့် လက်ထောက်လူဝင်မှုကြီးကြပ်ရေးမှူး ဦးသော်ဦးကောင်း၊ ဦးပြည့်ဖြိုးဟိန်းနှင့် ဒေါ်ချယ်ရီအောင်တို့သုံးဦးကို ဒုတိယဝန်ကြီး ဦးဌေးလှိုင်နှင့် ဒေါက်တာမျိုးသန့်တို့က တစ်ဆင့်မြင့်ရာထူးဖြစ်သည့် ဒုတိယ လူဝင်မှုကြီးကြပ်ရေးမှူးအဆင့်များကို အပ်နှင်းတပ်ဆင်ပေး၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ၂၀၂၄-၂၀၂၅ ခုနှစ်အတွင်း နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များတွင် ဖွင့်လှစ်ခဲ့သည့်သင်တန်းများ၌ ထူးချွန်ဆုရရှိကြသူများကို အမြဲတမ်းအတွင်းဝန် ဦးမင်းဟိန်းက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ပြီး ဝန်ကြီးရုံးနှင့်ဦးစီးဌာနများမှ ဝန်ထမ်းများ၏ သား၊ သမီး၊ ကျောင်းသား၊ ကျောင်းသူများအတွက်ပညာသင်ချီးမြှင့်ငွေများနှင့်ကျောင်းသုံးစာရေးကိရိယာများကို အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များက ဌာနအလိုက် ကိုယ်စားလှယ်ကျောင်းသား၊ ကျောင်းသူများထံပေးအပ်ကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာကြသူများက ဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်း Video Clip ကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဝန်ထမ်းများကို ကံစမ်းမဲဖောက်ပေးပြီး တက်ရောက်လာကြသူများအား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မြဝတီ

# ခိုလမ်တပ်နယ်ရှိ ကျောင်းသား၊ ကျောင်းသူများအတွက် (ပထမအကြိမ်) ကျောင်းဝတ်စုံ၊ စာရေးကိရိယာများနှင့် ပညာသင်စရိတ်များပေးအပ်ပွဲကျင်းပ




အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံ၊ စာရေးကိရိယာများနှင့်ပညာသင်စရိတ်များ ပေးအပ်စဉ်။

**နေပြည်တော် ဇွန် ၁၅**

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားကြမည့် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ ခိုလမ်တပ်နယ်ရှိ တပ်မတော်သားမိသားစုဝင်ကျောင်းသား၊ကျောင်းသူများအတွက်(ပထမအကြိမ်) ကျောင်းဝတ်စုံ၊ စာရေးကိရိယာများနှင့် ပညာသင်စရိတ်များပေးအပ်ပွဲကို ယနေ့ နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အောင်ဇေယျာခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသားမိဘများနှင့်ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားကြမည့် ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံ၊ စာရေးကိရိယာများနှင့်ပညာသင်စရိတ်များကို ပေးအပ်ပြီး ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ထို့ပြင် တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်နယ်၊ တပ်ရင်း၊ တပ်ဖွဲ့များ၌လည်း ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားကြမည့် ကျောင်းသား၊ ကျောင်းသူများအား(ပထမအကြိမ်) ကျောင်းဝတ်စုံ၊ စာရေးကိရိယာများနှင့် ပညာသင်စရိတ်များ ပေးအပ်ခဲ့ကြောင်းသတင်းရရှိသည်။

(၁၀၀)

# ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား ကြိုဆို

**နေပြည်တော် ဇွန် ၁၅**

ရှမ်းပြည်နယ်အတွင်းရှိ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၄)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများအားကြိုဆိုပွဲကို ယနေ့နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ရှိနယ်မြေခံသင်တန်းကျောင်း၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့်ဒေသခံ တိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၄)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများအား ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး စားသောက်ဖွယ်ရာများပေးဝေကာ သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက သင်တန်းတက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား လိုအပ်သည့် စုဖွဲ့ပြင်ဆင်မှုများနှင့် အုပ်ချုပ်မှုကိစ္စရပ်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)




တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၄)သို့တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား ကြိုဆိုနှုတ်ဆက်စဉ်။

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် ဇွန် ၁၅**

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

## (၁၅-၆-၂၀၂၅) ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗ စင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၉၀၀,၀၀၀)ကျပ်ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ**

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**



တခြားသောအကြောင်းတစ်ရပ်မှာလည်း အကယ်၍ မိခင်အသက်ရှင်လျက်ရှိပါမူ ကျွန်ုပ်သည် ကသာသို့ ပြေးစေဦးတော့၊ မည်သည့်နည်းနှင့်မဆို မိခင်နှင့်ဖခင်တို့ကို မန်ကျည်းတုံရွာသို့ဝင်၍ ခေါ်ဦးမည်ဖြစ်၏။ ယခုမှာ ဖခင်နှင့်မိထွေးတို့သာရှိတော့သည်ဖြစ်သောကြောင့် ဖခင်၏ဆွေမျိုးပေါ်များလှသော မန်ကျည်းတုံရွာမှ သူတို့အား ခေါ်သွားဖို့မလိုဟု ဆုံးဖြတ်လိုက်ခြင်းဖြစ်လေသည်။ ဝက်လက်ဘူတာကို ကျော်လွန်၍ ရထားခုတ်မောင်းသွားရာတွင် ကျွန်ုပ်သည် မိဘနှစ်ပါးအနက် ဖခင်ထက် မိခင်အား မြတ်နိုးပုံ ကဲလွန်ခြင်းကိုသတိရ၍ ကိုယ့်ဟာကိုယ် တရားပါ၏လောဟု ဝမ်းနည်းစွာစဉ်းစားမိပါသေးသည်။ အထူးသဖြင့် ဖခင်၏တူ (ကျွန်ုပ်၏ညီဝမ်းကွဲ) တစ်ယောက်နှင့်တွေ့၍ "အစ်ကိုကြီး မန်ကျည်းတုံ မဆင်းဘူးလား" ဟု မေးရာတွင် "မဆင်းတော့ဘူးကွာ၊ အဖေ့ကိုသာ ပြောလိုက်ပါတော့" ဟုမှာထားရာ စိမ်းကားရာကျသည်ဟု ထင်ခဲ့မိပါသည်။

### ကိုခင်မောင်တင့် ကျီစယ်ခြင်း

ကျွန်ုပ်တို့သည် ကသာမြို့သို့ ည ၈ နာရီတွင် ဆိုက်ရောက်ကြ၍ ဇရစ်ချောင်သို့ လှည်းဖြင့် ၉ နာရီကျော်မှ ရောက်သွားကြ၏။ ဆောင်းရာသီဖြစ်၍ ကိုသိန်းဖေတို့အိမ်သားများ အိပ်ပျော်ကုန်ကြပြီဖြစ်သောကြောင့် နှိုးယူရ၏။ ကိုခင်မောင်တင့်၏ အကြံပေးချက်အတိုင်း သူ့အား လှေကားရင်းတွင် ဝှက်ထားခဲ့ပြီး ကျွန်ုပ်တို့လင်မယားသည် ပစ္စည်းလေးများနှင့် အိမ်ပေါ်သို့တက်သွားရာ ဖုံးထဲမှလွတ်မြောက်လာကြသည့် လင်မယားနှစ်ယောက်ဟုဆိုကာ ကိုသိန်းဖေတို့ဝမ်းသာလိုက်ပုံမှာ ပြောဖွယ်ရာမရှိချေ။ ကိုသိန်းဖေက -

"ဘယ်သူတွေ သေကြသေကြ၊ ခင်ဗျားတော့ ဒီအထဲ မပါနိုင်ဘူးလို့ စိတ်ချပြီးသားပါဗျာ"

"ဘာကြောင့်လဲဗျာ"

"ခင်ဗျားက တိမ်းဖို့ရှောင်ဖို့ အချက်အလက်နားလည်တဲ့လူတစ်ယောက်လို့ ကျုပ်က ယုံကြည်ပြီးသားပဲ၊ လူအတွေ့ သေရတာပါဗျာ"။ ကျွန်ုပ်သည်လည်း မိမိကိုယ်ကို အလားတူပင် ယုံကြည်ထားသူတစ်ယောက်ဖြစ်၍ သူ၏စကားကို အတော်ကျေနပ်မိသည်။ သို့သော်-

"ကိုခင်မောင်တင့်တစ်ယောက်တော့ ပါသွားရှာပြီဗျို့"

"ဟင် ဟုတ်ရဲ့လားဗျာ၊ သူလည်း လူပါးတစ်ယောက်ပဲ"

"ပါးတိုင်းလည်း မလွတ်ဘူးဗျ၊ ကံနိုပ်စက်တော့ ခံရတာပဲ"

"ဘယ်နေ့ကလဲဗျာ"

"ဒုတိယမွှ ချတဲ့နေ့ကပေါ့"

"ဖြစ်ရလေဗျာ"

ထိုအတောအတွင်း၌ ဒေါ်ဖူးညိုသည် ငြိမ်းစပြုနေသော ဆောင်းမီးဖိုကို ပြန်မွှေး၍ မီးဖိုအနီး၌ ဝိုင်းထိုင်ကာ ကော်ဖီဖျော်ရန်အတွက် ရေနွေးအိုးတည်လျက်ရှိစဉ် လှေကားထိပ်၌ ရပ်လျက်ရှိသော ကိုခင်မောင်တင့်ကို ဖွင့်ထားသောတံခါးမှ မြင်ရ၏။ ကျွန်ုပ်နှင့်မစိုးတို့ကမူ မမြင်ချင်ပြု၍ နေကြ၏။ ကိုသိန်းဖေကား အတော်မျက်စိမှုန်သောလူတစ်ယောက်ဖြစ်ရာ ခဏတာမျှ တွေလျက်ကြည့်နေပြီးနောက် ဖြုတ်ခနဲထသွား၍ ကိုခင်မောင်တင့်၏ပခုံးကို လှုပ်ယမ်းလေသည်။ ကိုသိန်းဖေကား ကိုခင်မောင်တင့်မျှော်လင့်သည့်အတိုင်း ကိုယ်ထင်ပြသည်မထင်။ ချက်ချင်းပင် အမှန်အတိုင်း ရိပ်မိလေသည်။

ကျွန်ုပ်က-

"တစ္ဆေခြောက်တယ်လို့ မထင်ဘူးလားဗျာ"

"မထင်ပေါင်ဗျာ၊ ကိုခင်မောင်တင့်လည်း လူပါးတစ်ယောက်လို့ ကျုပ်သိသားပဲ"

### ကိုယ့်အဖြစ်ကို ကြည်နူးခြင်း

ထိုည၌မှာ ဒီဇင်ဘာလ ၃၀ ရက်နေ့ဖြစ်၍ ထိုအရပ်တွင် အလွန်ချမ်းအေးလျက်ရှိလေပြီ။ ကျွန်ုပ်တို့သည် ဆောင်းမီးဖိုအနီးတွင် ဝိုင်းဖွဲ့ကာ ထိုင်ကြလျက် ကော်ဖီသောက်၊ မုန့်စားကာဖြင့် ရန်ကုန်မြို့၏ အဖြစ်အပျက်ကို အားရပါးရပြောသူများကပြော၍ နားထောင်သူများကလည်း စိတ်ဝင်စားစွာ နားထောင်ကြလေသည်။ လွန်ပြီးသောအတွေ့အကြုံများကို အင်္ဂလိပ်လိုတစ်လှည့်၊ မြန်မာလိုတစ်လှည့်ဖြင့် ပြန်ပြောရသောအလုပ်မျိုးတွင် ကိုခင်မောင်တင့်ကဲ့သို့ အပြောကောင်းသောလူတစ်ယောက်ကို ကျွန်ုပ်မတွေ့ဖူးကြောင်း ထုတ်ဖော်ရေးသားခဲ့ဖူးပြီးဖြစ်ရာ ထိုည၌ မစိုးနှင့်ကျွန်ုပ်မှာ ရံဖန်မျှသာ ပြောခွင့်ရကြ၍ သူတစ်ယောက်တည်း စာဟောဆရာပြောနည်းမျိုးဖြင့် "တစ်ပါးသွား" ကြဲပါလေတော့သည်။

ကုလားသင်္ချိုင်းတစ်ခု၌ အလောင်းတွေ စုပုံထားသည့်အထဲမှ ကိုယ်ဝန်အရင့်အမာနှင့် ကုလားမကြီးတစ်ယောက်၏အလောင်းသည် ရှုမကောင်း မြင်မကောင်းဖြစ်နေပုံကို မျက်စိထဲ၌ ကွင်းကွင်းကွက်ကွက်မြင်လာအောင်ပြောပြရာတွင် ကိုယ်တိုင်မြင်ခဲ့ရသော ကျွန်ုပ်သာမက ဒေါ်ဖူးညိုနှင့် မစိုးတို့ပါ အော့နှလုံးနာကြသည်နှင့် 'ပျို့' တက်လာကြပါတော့သည်။ အလွန်သရုပ်ပါအောင်ပြောတတ်သောလူတစ်ယောက်ပါပေတည်း။ ဤသို့ဖြင့် သန်းခေါင်ကျော်တိုင်အောင် စကားကောင်းလျက်ရှိကြရာ ကြက်တွေတွန်သောအခါမှ ဒေါ်ဖူးညိုနှင့်မစိုးတို့ ဝင်အိပ်ကြ၍ ကျွန်ုပ်တို့သုံးယောက်မှာမူ ဆောင်းမီးဖိုကိုဝိုင်းရံလျက် တစ်ယောက်၏တင်ပါးကိုတစ်ယောက် ခေါင်းအုံးကာ လက်ဖက်ရည်ကြမ်းတစ်ကရားနှင့် မိုးလင်းတိုင် စကားကောင်းကြပါတော့သည်။ ဤလူသုံးယောက်အနက် အကျေနပ်ဆုံးလူကား ကျွန်ုပ်ပေတည်း။ ဘေးအန္တရာယ်မှ လွတ်မြောက်ရပြီးနောက် သူငယ်ချင်းတစ်ယောက်က သူငယ်ချင်းတစ်ယောက်ထံသို့လိုက်ပို့၍ သူတို့နှစ်ယောက်၏ အလယ်တွင် လဲလျောင်းကာ မိုးလင်းသည့်တိုင်အောင် စကားလက်ဆုံဝင်ကြရခြင်းတည်းဟူသော ကျွန်ုပ်၏ အတွေ့အကြုံမျိုး တွေ့ကြုံရသူတို့သည် လောကတွင် များများကြီး ရှိလိမ့်မည်မထင်ပေ။ တခြားသော အခြင်းအရာများကို ထားပါဦး၊ ကျွန်ုပ်ကဲ့သို့ အဟုတ်တကယ်ခင်မင်ရင်းနှီးသော သူငယ်ချင်းလေးငါးယောက်ရှိခဲ့ဖူးသူပင် ခပ်ရှားရှားရှိ၍ 'ဟေးလားဝါးလား'နှင့်ပြီးကြသည့် မိတ်ဆွေများသာ ပေါများကြလေသည်။ လင်းအားကြီးအချိန်တွင် ကိုသိန်းဖေက-

"ဦးချစ်စုကြီးတစ်ယောက်တော့ မရှိရှာတော့ဘူးဗျို့"

"ဘာဖြစ်တာလဲဗျာ"

"ကျုပ် ရန်ကုန်က ပြန်မရောက်ခင် ဆုံးနှင့်တယ်ဗျာ"

"ဒါဖြင့် ဟိုဒင်းလေး မပေးလိုက်ရဘူးပေါ့"

"မမီလိုက်တော့ဘူးဗျ"

ဤတွင် ကိုခင်မောင်တင့်က "ဟိုဒင်းလေး" ၏ အဓိပ္ပာယ်ကိုမေး၍ ကျွန်ုပ်ကပြောပြသောအခါ-

"ဒါဖြင့် ရှိသေးလားဗျို့၊ ကိုသိန်းဖေ"

"ကျုပ် တဖြည်းဖြည်းမြည်းတာနဲ့ ကုန်ပါလေရောဗျာ"

"နစ်နာလိုက်တာ ကိုသိန်းဖေရာ"

### ကိုသိန်းဖေ၏စေတနာ

နောက်တစ်နေ့မှာ ၁၉၄၁ ခုနှစ် နောက်ဆုံးနေ့ (ဒီဇင်ဘာလ ၃၁ ရက်) ဖြစ်၍ ကျွန်ုပ်တို့သည် အနောက်တိုင်းသားများ၏ထုံးစံအတိုင်း ကုန်လေပြီးသောနှစ်ဟောင်းကို သောက်ပွဲလေးဖြင့် နှုတ်ဆက်ဖို့ သတိရကြသော်လည်း ငွေရေးကြေးရေးမဟန်ကြသဖြင့် မသိဟန်ပြုနေကြ၏။ နောက်တစ်နေ့မှာ နှစ်သစ်ကူးနေ့ဖြစ်သော်လည်း အလားတူအကြောင်းကြောင့် အိမ်တွင်ကုပ်၍နေကြ၏။ ဇန်နဝါရီလ ၂ ရက်နေ့သည်ကား ကိုသိန်းဖေ၏ပင်စင်လခထုတ်ရမည့်နေ့ဖြစ်လေရာ ကိုသိန်းဖေသည် ကျွန်ုပ်တို့နှစ်ယောက်အား ရုံးသို့လိုက်ခဲ့ကြရန် ခေါ်သဖြင့် သုံးယောက်သား အတူသွားကြ၏။ လခထုတ်ပြီးသောအခါ ကျွန်ုပ်တို့သည် တရုတ်ခေါက်ဆွဲဆိုင်တစ်ခုသို့ ဝင်ကြလေ၏။ ခေါင်ရည်နှင့် စားစရာများ ကျွေးမွေးခြင်းကို စာဖွဲ့လိုသောကြောင့်မဟုတ်။ ကိုသိန်းဖေ၏ ဝတ်ပြုခြင်းနှင့်ပတ်သက်၍ ကျွန်ုပ် အလွန်ကျေနပ်သောအချက်တစ်ခုကို ဖော်ပြလိုသောကြောင့်ဖြစ်၏။ ကိုသိန်းဖေသည် ၅၀ ဝင် စီးကရက်ဘူးတစ်ဘူးကိုဝယ်၍ ဖောက်ပြီးနောက် ကျွန်ုပ်တို့အား တစ်လိပ်စီတည်သဖြင့် ညှိသောက်ကြ၏။ အနံ့မှာ 'မင်သော်'နံ့မွှေးလေသည်။**ဆက်လက်ဖော်ပြပါမည်။**

---

## ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ် UID နံပါတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းများ နေ့ချင်းပြီးကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဇွန် ၁၅

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် တွံတေးမြို့နယ်၌ ပန်းခင်းစီမံချက်အဆင့်(၃) ဖြင့် နိုင်ငံသားစိစစ်ရေးကတ်၊ UID နံပါတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းများ နေ့ချင်းပြီး ကွင်းဆင်းဆောင်ရွက်ခြင်းကို ဇွန်လ ၁၄ ရက်က ဈေးသစ်ရပ်ကွက်ရှိ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ပြုလုပ်သည်။

ရှေးဦးစွာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တွံတေးမြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးမှူး ဒေါ်အေးသီတာနှင့်အဖွဲ့က ပန်းခင်းစီမံချက်အဆင့် (၃) ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းများ ကွင်းဆင်းဆောင်ရွက်ခြင်း၊ UID ကတ်များ ပြုလုပ်ပေးနိုင်ရေး ဇီဝဆိုင်ရာအချက်အလက် စိစစ်ကောက်ယူခြင်းနှင့် UID နံပါတ်ထုတ်ပေးခြင်းများကို နေ့ချင်းပြီးဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကွင်းဆင်းဆောင်ရွက်နေမှုကို လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ထူး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များက လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့သည်။ ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အသက် ၁၈ နှစ်နှင့်အထက် နိုင်ငံသားစိစစ်ရေးကတ်မရှိသေးသူများအား ဇွန်လ ၁ ရက်မှ အောက်တိုဘာလ ၃၁ ရက်အထိ ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။ **မျိုးလှိုင်(တွံတေး)**



# ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ၂၀၂၅ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ



နေပြည်တော် ဇွန် ၁၅

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် နေပြည်တော်ဘူတာကြီး၏ တောင်ဘက် နေပြည်တော်ဘူတာနှင့် ရွာတော်ဘူတာ အကြားရှိရထားလမ်းဘေးဝဲ/ယာနယ်နိမိတ် အတွင်းရှိ စိုက်ကွက်နှစ်နေရာတို့၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

ဦးစွာ ပထမစိုက်ကွက်နေရာ၌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ဦးဆောင်ပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ရထားလမ်းဘေးတစ်လျှောက်တွင် အရိပ်ရလေကာပင်များစိုက်ပျိုးကြပြီး ဝန်ထမ်းများ သစ်ပင်စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရွာတော်ဘူတာသို့ရောက်ရှိပြီး ရွာတော်ဘူတာအနီးရှိ ဒုတိယစိုက်ကွက်နေရာတွင် ဝန်ထမ်းများနှင့်အတူ အရိပ်ရလေကာပင်များအား ဆက်လက်စိုက်ပျိုးကြသည်။ ယနေ့ကျင်းပသည့်အခမ်းအနားတွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအောက်ရှိ ဌာန၊ အဖွဲ့အစည်းများမှ အရာထမ်း၊ အမှုထမ်း စုစုပေါင်း ၁၅၀၀ တက်ရောက်၍ ကျွန်းပျိုးပင် ၂၀၀၊ ပိတောက်ပျိုးပင် ၁၅၀၊ ပျဉ်းကတိုးပျိုးပင် ၁၅၀ နှင့် မဲဇလီပျိုးပင် ၁၀၀၀ စုစုပေါင်း ပျိုးပင်မျိုးစုံ ၁၅၀၀ ကို တပျော်တပါး စိုက်ပျိုးကြကြောင်းသိရသည်။

နေပြည်တော်၌ ယနေ့ကျင်းပသည့် သစ်ပင်စိုက်ပျိုးပွဲနှင့်အတူ ဝန်ကြီးဌာနအောက်ရှိ တိုင်းဒေသကြီး/ပြည်နယ်များမှ ဌာန၊ အဖွဲ့အစည်းအားလုံးကလည်း သက်ဆိုင်ရာနယ်မြေရုံးများအလိုက် တစ်ချိန်တည်းတစ်ပြိုင်တည်း သစ်ပင်စိုက်ပျိုးပွဲတော်ကိုကျင်းပခဲ့ကြကြောင်းသိရသည်။ **မြဝတီ**

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ရတနာတန်းဝင်ကျွန်းနှင့် မန်ကျန်ရှားပင် စုစုပေါင်း ၃၀၆ ပင်စိုက်ပျိုး



နေပြည်တော် ဇွန် ၁၅

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့ နံနက်ပိုင်းက နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ရေဆင်းရေလှောင်တမံ၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် ဒုတိယဝန်ကြီးများ၊ တက်ရောက်လာကြသည့်ဌာနဆိုင်ရာများသည် သတ်မှတ်နေရာများ၌ ရတနာတန်းဝင် ကျွန်းပင်များနှင့် မန်ကျန်ရှားပင်တို့ကို စိုက်ပျိုးကြပြီးနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သတ်မှတ်နေရာများတွင် ဦးစီးဌာနအလိုက် ဝန်ထမ်းများ၏ မိုးရာသီသစ်ပင်စိုက်ပျိုးနေမှုများကိုကြည့်ရှုအားပေးကြပြီး ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပဆောင်ရွက်ပေးခြင်းသည် ဆည်တမံဝန်းကျင် စိမ်းလန်းစိုပြည်ရေးသာမက ဒေသ၏ သဘာဝရာသီဥတု ညီညွတ်မျှတရေးကို အထောက်အကူဖြစ်စေမည့်သစ်ပင်သစ်တောများအဖြစ် ကောင်းစွာရှင်သန်ဖြစ်ထွန်းစေသည့်အတွက် ဂရုတစိုက်ပြုစုထိန်းသိမ်းသွားကြရန် တာဝန်ရှိသူများအား မှာကြားသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ကျင်းပသည့် ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင်ကျွန်း ၂၀၆ ပင်၊ မန်ကျန်ရှားပင် ၁၀၀ စုစုပေါင်း ၃၀၆ ပင် စိုက်ပျိုးခဲ့ကြကြောင်း၊ ယမန်နှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ရေဆင်းရေလှောင်တမံဧရိယာ၌ စိုက်ပျိုးခဲ့သည့် နှစ်ရှည်ပင်များ၏ ၈၅ ရာခိုင်နှုန်းမှာ ကောင်းစွာရှင်သန်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရေဆင်းတက္ကသိုလ်နယ်မြေအတွင်း ယာယီအဆောက်အအုံများ၌ နေထိုင်ကြသည့်ဝန်ထမ်းများကို နေရာအလိုက် သွားရောက်ကြည့်ရှုအားပေးပြီး မွေ့ရာနှင့်ခေါင်းအုံးများပေးအပ်သည်။

ယင်းနောက် ဇေယျာသီရိမြို့နယ် ရေဆင်းဆည်ရေသောက် ပင်လောင်းလမ်းဆုံအနီးရှိနေပန်-လပန် နွေစပါးမျိုးစေ့ထုတ်စိုက်ခင်းများမှ တောင်သူများ ရက် ၉၀ စပါးခင်း ရိတ်သိမ်းနေမှုကို ကြည့်ရှုစစ်ဆေးကာ တောင်သူများလုပ်ဆောင်ရန်လိုအပ်ချက်များကို ပေါင်းစပ်ရှင်းလင်းမှာကြားခဲ့ကြောင်း၊ ရိတ်သိမ်းရမည့်အချိန်တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် အချိန်မီရိတ်သိမ်းနိုင်မှုမရှိ၍ တစ်ဧက ပျမ်းမျှတင်း ၉၀ ကျော်သာ ထွက်ရှိပြီး နှံကောက်စပါးများမှာ တစ်ဧကပျမ်းမျှတင်း ၁၃၀ ကျော်ထွက်ရှိကြောင်းနှင့် ဆက်လက်ရိတ်သိမ်းဆဲဖြစ်ကြောင်းသိရသည်။

မြဝတီ

# အားကစားကွင်းနှင့်အားကစားရုံများကို ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၁၅

(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှုများရရှိစေရေး မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များနှင့် ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏရှိ ပတ္တမြားခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တွဲဖက်အတွင်းရေးမှူးများ တက်ရောက်ကြသည်။

ထို့နောက်တက်ရောက်လာသောမြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများက (၃၃) ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် စခန်းသွင်းလေ့ကျင့်နေမှု၊ သွားရောက်ယှဉ်ပြိုင်မည့် Event အမျိုးအစားများ၊ အားကစားသမားအရေအတွက်၊ လေ့ကျင့်ရေးနှင့်ပြိုင်ပွဲသုံးအားကစားပစ္စည်းများရရှိမှုနှင့် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများက လိုအပ်ချက်များဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဒုတိယဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားခန်းမ၌ အာခီဒို(Akido) အားကစားသမားများ သရုပ်ပြသကစားနေမှုကိုလည်းကောင်း၊ ဒဂုံမြို့သစ်မြောက်ပိုင်းရှိ မြန်မာနိုင်ငံ သေနတ်ပစ်အားကစားအဖွဲ့ချုပ် လေ့ကျင့်ရေးစခန်း၌



သေနတ်ပစ်ကွင်းပတ်လမ်း၊ ၁၄ ခန်းတွဲအိပ်ဆောင်နှင့် အားကစားသမားအိပ်ဆောင်များကိုလည်းကောင်း၊ အားကစားနည်း၊ အားကစားပြိုင်ပွဲအလိုက်စခန်းဝင်လေ့ကျင့်နေသော ပဏ္ဍာမလက်ရွေးစင်အားကစားသမားများ လေ့ကျင့်ပစ်ခတ်နေမှုကိုလည်းကောင်း၊ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ကျိုက္ကဆံကွင်းအတွင်းရှိ Squash အားကစားရုံ၌ Squash အားကစားနည်းသရုပ်ပြသကစားမှုကိုလည်းကောင်း၊ မြန်မာနိုင်ငံ Teqball အားကစားအဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမ ပြင်ဆင်ဆောင်ရွက်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

## နေရာကွက်၍ မိုးကြီးနိုင်

၁၆-၆-၂၀၂၅

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **(မိုး/ဇလ)**

# ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားစေရေး အဆင့်မြင့်စက်ချုပ်သင်တန်းဆင်းပွဲကျင်းပ

**အိမ်မဲ ဇွန် ၁၅**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ် ကြို့ကုန်းကျေးရွာအုပ်စု ပေပင်စုကျေးရွာ အောင်သုခဘုန်းကြီးကျောင်း၌ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားစေရေးအတွက် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၅- ၂၀၂၆ ဘဏ္ဍာနှစ် အဆင့်မြင့်စက်ချုပ်သင်တန်းကို မေလ ၁ ရက်က စတင်ဖွင့်လှစ်ခဲ့ရာ သင်တန်းဆင်းပွဲကို ဇွန်လ ၁၄ ရက်က ကျင်းပသည်။

ရှေးဦးစွာ အိမ်မဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးသက်ကိုကိုဦးနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစတင်မျိုးလွင်တို့က သင်တန်းဆင်းအမှာစကားများ ပြောကြားကြသည်။ ဆက်လက်၍ ဒုတိယမြို့နယ်ဥပဒေအရာရှိ ဒေါ်ဂျူးဟန်နီက အမျိုးသမီးကာကွယ်စောင့်ရှောက်ရေးနှင့် ကလေးအလုပ်သမားပပျောက်ရေးအကြောင်း၊ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးမှူး ဒေါ်ဝင့်ဝါဝင်းထွဋ်က သက်ကြီးဘိုးဘွားထောက်ပံ့မှု၊ ကိုယ်ဝန်ဆောင်နှင့် နှစ်နှစ်အောက်ကလေးထောက်ပံ့မှုများအကြောင်းတို့ကို ပြောကြားသည်။

ထို့နောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက သင်တန်းတွင် ထူးချွန်ဆုရရှိသောသင်တန်းသူများကို သင်ထောက်ကူပစ္စည်းများ၊ သင်တန်းဆင်းလက်မှတ်များပေးအပ်ပြီး သင်တန်းနည်းပြကို အမှတ်တရလက်ဆောင်ချီးမြှင့်ပေးအပ်သည်။

အဆိုပါအဆင့်မြင့်စက်ချုပ်သင်တန်းကို အခြေခံစက်ချုပ်သင်တန်းတက်ရောက်ပြီးမှ သင်ကြားပေးခြင်းဖြစ်ပြီး သင်တန်း၌ သင်တန်းသူ ၂၀ ဦးရှိကာ မေလ ၁ ရက်မှစ၍ ၄၅ ရက်ကြာ သင်ကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ချစ်သက်လယ် (အိမ်မဲ ပြန်/ဆက်)**

# မင်းဘူးမြို့၌ ရေအရည်အသွေးတိုင်းတာစစ်ဆေးခြင်းလုပ်ငန်းများဆောင်ရွက်

**မင်းဘူး ဇွန် ၁၅**


မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့၌ ရာသီဥတုပြောင်းလဲလာမှုနှင့်အတူ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လေထု၊ ရေထုအရည်အသွေးကျဆင်းမှု အခြေအနေများကို သိရှိနိုင်စေရန် ရေအရည်အသွေး တိုင်းတာစစ်ဆေးခြင်းလုပ်ငန်းများကို ဇွန်လ ၁၄ ရက်တွင် ကွင်းဆင်းဆောင်ရွက်သည်။



ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မကွေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ကြီးကြပ်မှုဖြင့် သဘာဝပတ်ဝန်းကျင် လေထုအရည်အသွေးတိုင်းတာမှုနှင့် ရေထုအရည်အသွေးတိုင်းတာမှုလုပ်ငန်းစီမံချက်အရ မင်းဘူးခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံးမှ ဝန်ထမ်းများက မင်းဘူးမြို့ ထောက်ရှာပင်ဆိပ်ကမ်းရှိ ဧရာဝတီမြစ်အရည်အသွေးကိုလည်းကောင်း၊ ဆားပွက်ချောင်းရေအရည်အသွေးကိုလည်းကောင်း၊ ရှင်ပင်စက္ကိန်းတဲဆိပ်ကမ်းရှိ ဧရာဝတီမြစ်အရည်အသွေးကိုလည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မင်းဘူးမြို့ပေါ်ရပ်ကွက်များရှိ မြို့ရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော ကျောက်တန်းရေစက်ရုံ၊ တာဘိုင်ရေစက်ရုံနှင့် ဧရာဝတီမြစ်ရေတင် သန့်စင်ဖြန့်ဝေပေးရေးလုပ်ငန်းခွင်များသို့လည်းကောင်း သွားရောက်၍ ရေအရည်အသွေးများအား မြေပြင်ကွင်းဆင်းတိုင်းတာစစ်ဆေးခြင်းလုပ်ငန်းများကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ကြသည်။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ သတ်မှတ်ချက်နှင့်အညီ မင်းဘူးခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ရေထုအရည်အသွေးတိုင်းတာခြင်းလုပ်ငန်းများအပြင် မီးခိုးမြူငွေ့များကြောင့် လေအရည်အသွေးကျဆင်းမှုများ ဖြစ်ပေါ်လာသည့်အတွက် လေအရည်အသွေးတိုင်းတာခြင်းလုပ်ငန်းများကိုလည်း အဓိကကျသောနေရာများနှင့် မြို့၏လေအရည်အသွေးကို လွှမ်းခြုံနိုင်သောနေရာများအား ဦးစားပေးပြီး လေအရည်အသွေးတိုင်းတာရေးစက်များ အသုံးပြု၍ ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လေထု၊ ရေထုအရည်အသွေးများကို တိုင်းတာစစ်ဆေးပြီး ရရှိထွက်ပေါ်လာသော အရည်အသွေးရလဒ်များကို ဒေသခံပြည်သူလူထု ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေး အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**




# မြဝတီမြို့နယ် စံပါလိုက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေး

**မြဝတီ ဇွန် ၁၅**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စံပါလိုက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ သတ္တမအကြိမ် ထုတ်ချေးခြင်းကို ဇွန်လ ၁၅ ရက်တွင် ဆောင်ရွက်သည်။

ရှေးဦးစွာ မြဝတီမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်သူရက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ တခြားမိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများက စံပါလိုက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်း သတ္တမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၀ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၆ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၄ ဦး စုစုပေါင်း အသင်းသား ၆၀ အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ငွေကျပ် သိန်း ၄၁၀ ကို အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးကြောင်း သိရသည်။

**ဘိုဘို**

# ပခုက္ကူမြို့ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ စားသုံးသူရေးရာအသိပညာပေးဟောပြော

**ပခုက္ကူ ဇွန် ၁၅**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ပခုက္ကူမြို့ရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ ဇွန်လ ၁၄ ရက်က စားသုံးသူရေးရာအသိပညာပေး ဟောပြောပွဲကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် ပခုက္ကူခရိုင် စားသုံးသူရေးရာဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်နွယ်နွယ်အေးနှင့် ဒေါ်သူဇာကျော်တို့က စားသုံးသူများ၏အခွင့်အရေးနှင့် တာဝန်များ၊ ကုန်ပစ္စည်းအမျိုးအစားပေါ်မူတည်၍ ကုန်အညွှန်းအမှတ်အသားဖော်ပြချက်များ၊ အွန်လိုင်းမှတ်ပုံတင်ခြင်းနှင့် အွန်လိုင်းရောင်းဝယ်ခြင်းဆိုင်ရာများ၊ Consumer Call Center(1535) သို့ဆက်သွယ်၍ စားသုံးသူရေးရာနှင့်ပတ်သက်၍ ဆွေးနွေးမေးမြန်းခြင်း၊ တိုင်ကြားနိုင်ခြင်း စသည့်အကြောင်းအရာတို့ကို အသိပညာပေးဟောပြောပြီး ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ပခုက္ကူခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဆန်းလင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။


ထို့နောက် ဟောပြောမှုအပေါ် တက်ရောက်လာကြသူများ၏ နားလည်မှတ်သားနိုင်မှုအား မေးမြန်းကာ အဖြေမှန်ရရှိသူများကို လက်ဆောင်ပစ္စည်းများ ချီးမြှင့်ပေးအပ်သည်။

အဆိုပါဟောပြောပွဲသို့ ပခုက္ကူမြို့ရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးစန်းအောင်နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**


ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

## ရာသီတုပ်ကွေးနှင့် ကိုဗစ် - ၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်း ဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။



ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲနှင့် ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲတို့ ပူးပေါင်းပြုစုသည်။ (၂၀၂၅ခုနှစ်၊ ဇွန်လ)

## ရာသီတုပ်ကွေးနှင့် ကိုဗစ် - ၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။




- မိုးရာသီတွင် ရာသီတုပ်ကွေးရောဂါနှင့် ကိုဗစ်- ၁၉ ရောဂါစသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ ပိုမိုကူးစက်ဖြစ်ပွားနိုင်ပါသည်။
- ကိုဗစ်-၁၉ရောဂါအား ကမ္ဘာ့ကပ်ရောဂါအဖြစ် သတ်မှတ်ထားခြင်းမရှိတော့ဘဲ ရာသီတုပ်ကွေး ရောဂါကဲ့သို့ ဒေသတွင်း ပုံမှန်ကူးစက်ဖြစ်ပွား တတ်သည့် ရောဂါအဖြစ်သာ သတ်မှတ်ထားပါသည်။
- အဆိုပါရောဂါများ ကူးစက်ဖြစ်ပွား/သေဆုံးမှုများမှ ကြိုတင်ကာကွယ်နိုင်ရန် ပြည်သူလူထုအနေဖြင့် ပူးတွဲပါအချက်များကိုသတိပြုလိုက်နာဆောင်ရွက်ကြရန်လိုအပ်ပါသည်။

### စနစ်ကျစွာ ပါးစပ်နှင့်နှာခေါင်းစည်း (Mask) တပ်နည်း



ပါးစပ်နှင့်နှာခေါင်းကို လုံခြုံစွာဖုံးအုပ်ပါ။



အဖုံးပါသော အမှိုက်ပုံးထဲတွင်သာ စွန့်ပစ်ပါ။



စနစ်တကျ လက်ဆေးပါ။

### သတိပြုလိုက်နာရမည့် အချက်များ

(၁) လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ နှာစေးခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ပင်းနာခြင်းစသည့် လက္ခဏာများရှိသူများအနေဖြင့် မိမိမှ အခြားသူများသို့ ကူးစက်မှုမရှိစေရေးအတွက် -


**ရောဂါကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ၊ အခြားသူများကိုလိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။**

ရာသီတုပ်ကွေးနှင့် ကိုဗစ် - ၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။

(က) လူထူထပ်သောနေရာများသို့သွားခြင်းမှရှောင်ကြဉ်ခြင်းနှင့် မဖြစ်မနေသွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask) အား စနစ်တကျ ဝတ်ဆင်ခြင်း၊



(ခ) ပါးစပ်နှင့်နှာခေါင်းစည်း ဝတ်ဆင်ထားခြင်းမရှိချိန်၌ နှာချေ၊ ချောင်းဆိုးပါက လက်ကိုင်ပဝါ/ တံတောင်ကွေးဖြင့် လုံအောင်အုပ်၍ နှာချေ၊ ချောင်းဆိုးခြင်း၊



(ဂ) ရောဂါလက္ခဏာပြင်းထန်ပါကနီးစပ်ရာဆေးရုံ၊ ကျန်းမာရေးဌာနသို့ ချက်ချင်းပြသ၍ ဆေးကုသမှုခံယူခြင်း။



(၂) တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများဖြစ်သည့် လက်ကိုရေနှင့်ဆပ်ပြာ သို့မဟုတ် ရေမလိုလက်သန့်စင်ဆေးရည် (Hand sanitizer) ဖြင့် မကြာခဏ စနစ်တကျ ဆေးကြောခြင်း၊





(၃) ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးများသည် ကိုဗစ်-၁၉ရောဂါ မျိုးရိုးဗီဇကွဲများ ကူးစက်ဖြစ်ပွားခြင်းနှင့် ရောဂါလက္ခဏာပြင်းထန်မှုနှင့် အသက်ဆုံးရှုံးမှုတို့မှ ထိရောက်စွာ ကာကွယ်ပေးသည့်အတွက် ကိုဗစ်-၁၉ရောဂါ ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံမှုခံယူခြင်း။





ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက် ၆၀နှစ်နှင့်အထက် အသက်အရွယ်ကြီးသူများ၊
- ဆီးချိုရောဂါ၊ နှာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက် ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံမှုကို မဖြစ်မနေခံယူပါ။




ရောဂါကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ၊ အခြားသူများကိုလိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။

# ကိုဗစ် - ၁၉ ရောဂါနှင့် အကျိုးသက်ရောက်မှုများ

ဒေါက်တာဇေယျာဝင်း

ကမ္ဘာလုံးဆိုင်ရာ ကိုဗစ်-၁၉ ရောဂါက ကျန်းမာရေးအပါအဝင် လူနေမှုစနစ်များအပေါ် အပြင်းအထန်သက်ရောက်မှုတွေဖြစ်စေခဲ့ပါတယ်။ ယခင် ကမ္ဘာ့သမိုင်းတစ်လျှောက် ဖြစ်ပွားခဲ့ဖူးတဲ့ ကပ်ရောဂါတွေနဲ့မတူဘဲ တစ်ကမ္ဘာလုံးအတိုင်းအတာအားဖြင့် ကူးလူးဆက်ဆံမှုများတဲ့ ဂလိုဘယ်လိုက်ဇေးရှင်းခေတ်မှာ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားခဲ့တာကြောင့် ကူးစက်မှုနှုန်းအထူးမြန်ဆန်ခဲ့သလို ရောဂါပိုးရဲ့ အာနိသင်ကလည်း မျိုးဗီဇပြောင်းလဲဖြစ်ပွားမှုကြောင့် ထိန်းချုပ်ကာကွယ်ဖို့ အလွန်ခက်ခဲခဲ့တာကိုလည်း မြင်တွေ့ခဲ့ကြရပါတယ်။ ခေတ်သစ်ဆေးသိပ္ပံဖွံ့ဖြိုးတိုးတက်မှုကို အားကောင်းမောင်းသန်စိန်ခေါ်ခဲ့တဲ့ ကပ်ရောဂါလည်းဖြစ်ခဲ့ပါတယ်။ ကျန်းမာရေးလုပ်သားမလုံလောက်မှုတွေ၊ ဆေးနဲ့ဆေးပစ္စည်းမလုံလောက်မှုတွေနဲ့အတူ သမိုင်းတစ်လျှောက် အပြင်းထန်ဆုံးသော ကပ်ရောဂါကြီးအဖြစ် တွေ့ကြုံခဲ့ကြရတာဖြစ်ပါတယ်။

**ကိုဗစ်-၁၉ ရောဂါကို ကြံ့ကြံ့ခံခြင်း**

ကမ္ဘာလုံးဆိုင်ရာ တုံ့ပြန်ဆောင်ရွက်နိုင်မှုတွေက ကိုဗစ်-၁၉ ရောဂါရဲ့သက်ရောက်မှုကို အတိုင်းအတာတစ်ခုအထိ လျှော့ပါးသက်သာစေခဲ့ပြီဖြစ်ပါတယ်။ သို့တိုင်အောင် ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးနဲ့ စီမံခန့်ခွဲမှုဆိုင်ရာတွေအပေါ် ကပ်ရောဂါရဲ့ ကာလရှည်သက်ရောက်မှုတွေက လေးလေးနက်နက်ရှိနေဆဲဖြစ်ပါတယ်။ ကိုဗစ်-၁၉ ရောဂါကာလရဲ့ ဆိုးကျိုးသက်ရောက်မှုကနေ ပြန်လည်ထူထောင်နိုင်စေဖို့ တစ်ဦးချင်းအနေနဲ့လည်းကောင်း၊ အဖွဲ့အစည်းတွေနဲ့နိုင်ငံတွေအနေနဲ့လည်းကောင်း လိုက်လျောညီထွေမှုရှိရှိနဲ့ ပြည့်ပြည့်ဝဝ ထိထိရောက်ရောက်ဆောင်ရွက်နိုင်ဖို့လိုပါတယ်။ ကြံ့ကြံ့ခံနိုင်ဖို့ဆိုရင် ကျန်းမာရေးစနစ်အားကောင်းမောင်းသန်ဖြစ်ဖို့၊ လူမှုရေးနဲ့စီးပွားရေးစနစ်တွေ တည်ငြိမ်မှုရှိဖို့နဲ့ ပြဿနာတွေကို အလိုက်သင့် အလျားသင့်ရင်ဆိုင်ဖြေရှင်းနိုင်စွမ်းရှိဖို့ လိုမှာဖြစ်ပါတယ်။

**အဆိုးထဲမှအကောင်းများ**

ကိုဗစ်-၁၉ ရောဂါအလွန်ကာလမှာ စီးပွားရေးနဲ့အလုပ်အကိုင်တွေမှာလည်း အရွေ့တွေရှိလာခဲ့ပါတယ်။ အလုပ်နေရာတွေပြောင်းလဲလာခြင်း၊ အွန်လိုင်းကနေ အလုပ်လုပ်ကိုင်နိုင်ခြင်း (Work from Home) တို့ကြောင့် လုပ်သားအင်အားတွေကို စွမ်းအားပြည့်အသုံးချလာနိုင်ခြင်း၊ အွန်လိုင်းဈေးရောင်းခြင်းကဲ့သို့သော အင်တာနက်ကနေတစ်ဆင့် ရောင်းဝယ်ဖောက်ကားမှုတွေ ထွန်းကားလာခြင်း၊ လက်လီရောင်းဝယ်ဖောက်ကားမှုစနစ်တွေ ပုံစံပြောင်းလဲလာခြင်း စတာတွေကြောင့် ငွေကြေးလည်ပတ်စီးဆင်းမှုတွေ အရှိန်အဟုန်မြင့်လာပြီး စီးပွားရေးပြန်လည်ဖွံ့ဖြိုးတိုးတက်ဖို့ အထောက်အကူဖြစ်စေခဲ့ပါတယ်။

လူမှုရေးနဲ့ ယဉ်ကျေးမှုဆိုင်ရာပြောင်းလဲမှုတွေအနေနဲ့ ပညာသင်ကြားမှုအပိုင်းမှာ အွန်လိုင်းသင်ကြားရေးပုံစံတွေက အခြေခံပညာသာမက အဆင့်မြင့်ပညာသင်ကြားရေးမှာပါ သင်ကြားမှုစံနှုန်းတစ်ခုအနေနဲ့ဖြစ်လာပါတယ်။ ဒ့ါပြင် လူနေထိုင်မှုပုံစံတွေပါ ပြောင်းလဲလာပါတယ်။ အာဟာရပြည့်ဝအောင်စားသုံးတာ၊ လေ့ကျင့်ခန်းလုပ်တာ၊ ရောဂါကာကွယ်ရေးကိစ္စတွေမှာ အာရုံစူးစိုက်လာတာ စတဲ့ ကျန်းမာရေးဆိုင်ရာသတိပြုနေထိုင်မှုတွေ တိုးပွားလာစေပါတယ်။

အစိုးရပိုင်းဆိုင်ရာနဲ့မူဝါဒပိုင်းဆိုင်ရာတွေနဲ့ပတ်သက်လို့ တစ်ကမ္ဘာလုံးအတိုင်းအတာအနေနဲ့ပူးပေါင်းပြီး အနာဂတ်ကူးစက်ရောဂါတုံ့ပြန်မှုအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ကပ်ရောဂါဆိုင်ရာသဘောတူညီချက်ကဲ့သို့သော ကမ္ဘာလုံးဆိုင်ရာမူဘောင်များကို ချမှတ်လုပ်ဆောင်လာကြပါတယ်။ အကျပ်အတည်းစီမံခန့်ခွဲမှုမူဝါဒတွေနဲ့ပတ်သက်လို့လည်း အစိုးရအသီးသီးက အနာဂတ်ကာလမှာ တွေ့ကြုံလာနိုင်တဲ့ အရေးပေါ်အခြေအနေတွေအတွက် အရင်းအမြစ်တွေကို ထိထိရောက်ရောက်အသုံးချပြီး လျင်မြန်စွာဆောင်ရွက်နိုင်ဖို့ ဥပဒေရေးဆွဲနေကြပြီဖြစ်ပါတယ်။ ကိုဗစ်-၁၉ ရောဂါကာလအတွင်း ယုံကြည်မှုတည်ဆောက်ခြင်းကဲ့သို့သော စိန်ခေါ်မှုတွေကိုလည်း ရင်ဆိုင်ခဲ့ကြရပါတယ်။ ကိုဗစ်-၁၉ ရောဂါကာလအတွင်း ကျန်းမာရေးအဖွဲ့အစည်းတွေအပေါ် လူထုရဲ့ယုံကြည်အားကိုးမှုကို အစမ်းသပ်ခံခဲ့ရတဲ့အတွက် ပွင့်လင်းမြင်သာတဲ့ ကျန်းမာရေးဆိုင်ရာစီမံခန့်ခွဲအုပ်ချုပ်မှုရှိဖို့ အရေးကြီးပါတယ်။

ကိုဗစ်-၁၉ ရောဂါကာလအတွင်း အထင်ရှားဆုံးသဘာဝပတ်ဝန်းကျင်ဆိုင်ရာတိုးတက်မှုအနေနဲ့ လေထုညစ်ညမ်းမှုကို လျော့ကျစေခဲ့ကြောင်း စစ်တမ်းများအရ သိရပါတယ်။ ကပ်ရောဂါကာလအတွင်း ကမ္ဘာအနှံ့ Lockdown နဲ့ Stay at Home အစီအစဉ်တွေ ဆောင်ရွက်ကြခြင်းကြောင့် ခရီးသွားလာမှုတွေ သိသိသာသာလျော့ကျပြီး ယာဉ်တွေကနေတစ်ဆင့် ကာဗွန်ထုတ်လွှတ်မှုကျဆင်းခဲ့ခြင်းနဲ့အတူ ကမ္ဘာ့လေထုအတွင်း ကာဗွန်ဓာတ်ငွေ့ပါဝင်မှု ခေတ္တကျဆင်းသွားခြင်းက သဘာဝပတ်ဝန်းကျင်ပြန်လည်ထူထောင်ရေးအတွက် အလားအလာကို မီးမောင်းထိုးပြနေပါတယ်။

> **"ကပ်ရောဂါဖြစ်ပွားမှုက ကမ္ဘာ့ကျန်းမာရေးစောင့်ရှောက်မှုစနစ်ရဲ့ အားသာချက်၊ အားနည်းချက်တွေကို သိသာထင်ရှားစေခဲ့တယ်။ တန်းတူညီမျှမှုရှိတဲ့ ကမ္ဘာလုံးဆိုင်ရာကျန်းမာရေးစောင့်ရှောက်မှုကို ဦးတည်ဆောင်ရွက်ရမယ့် အချက်ပေးခေါင်းလောင်းထိုးခဲ့တယ်။ အဘယ်ကြောင့်ဆိုသော် ကပ်ရောဂါတွေအနေနဲ့ ကမ္ဘာ့ဘယ်နေရာမှာဖြစ်ဖြစ် တစ်ကမ္ဘာလုံးကို ရိုက်ခတ်မှုရှိကြောင်းကို လက်တွေ့ပြသခဲ့လို့ပဲဖြစ်ပါတယ်. . ."**

**ကျန်းမာရေးဆိုင်ရာအရေးပါသောပြောင်းလဲမှုများ**

ကိုဗစ်-၁၉ ရောဂါကာလအတွင်း လူစုလူဝေးတားမြစ်မှုတွေကြောင့် အွန်လိုင်းကနေတစ်ဆင့် ကျန်းမာရေးဝန်ဆောင်မှုပေးခြင်း (Telehealth) ကို လူကြိုက်များပြီး အလုပ်ဖြစ်လာခဲ့ပါတယ်။ ကိုဗစ်-၁၉ ရောဂါအလွန်ကာလမှာ ပုံမှန်ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ စိတ်ကျန်းမာရေးဆိုင်ရာစောင့်ရှောက်မှုပေးခြင်း စတာတွေမှာ ကျန်းမာရေးဆိုင်ရာဖြစ်ထွန်းမှုတွေအနေနဲ့ ကိုဗစ်-၁၉ ရောဂါကာလအတွင်း ကျင့်သုံးခဲ့ကြတဲ့ အွန်လိုင်းကျန်းမာရေးစောင့်ရှောက်မှုစနစ်တွေ ဆက်လက်ခိုင်မာအားကောင်းလာခဲ့ပါတယ်။ ပြည်သူ့ကျန်းမာရေးစနစ်တွေလည်း ပိုမိုတိုးတက်ဖြစ်ထွန်းလာခဲ့ပါတယ်။ ကပ်ရောဂါအတွက် ကြိုတင်ပြင်ဆင်ခြင်း၊ ရောဂါစူးစမ်းလေ့လာခြင်းနဲ့ ကာကွယ်ဆေးထုတ်လုပ်ခြင်း စတဲ့ကဏ္ဍတွေမှာ သိသာထင်ရှားတဲ့အားကောင်းလာမှုတွေကို မြင်တွေ့ရပါတယ်။

ကပ်ရောဂါရဲ့စိန်ခေါ်မှုတွေကို ရင်ဆိုင်ဖြေရှင်းရင်းနဲ့ နည်းပညာဆန်းသစ်တီထွင်မှုမှာလည်း တိုးတက်ပြောင်းလဲမှုတွေရှိလာခဲ့ပါတယ်။ ဉာဏ်ရည်တုနည်းပညာ AI နဲ့ ဒေတာအသုံးချခြင်းကနေ ရောဂါကူးစက်မှုတွေကို ခြေရာခံခြင်း၊ မော်ဒယ်ပြုလုပ်ခြင်းနဲ့ လိုအပ်တဲ့အရင်းအမြစ်ခွဲဝေခြင်း စတာတွေမှာ များစွာအသုံးတည့်ခဲ့ပါတယ်။ ရောဂါစောင့်ကြပ်ခြေရာခံကြည့်ရှုစစ်ဆေးခြင်းတွေမှာ ဒစ်ဂျစ်တယ်ကျန်းမာရေးလက်မှတ်တွေကို အသုံးပြုခဲ့ခြင်းနဲ့ ပွဲလမ်းသဘင်တွေအတွက် ကျန်းမာရေးအသိအမှတ်ပြုအက်ပလီကေးရှင်းတွေကို အသုံးပြုနိုင်ခြင်းက ပြည်သူ့ကျန်းမာရေးကဏ္ဍကို တစ်ခေတ်ဆန်းစေခဲ့ပါတယ်။ ကျန်းမာရေးနည်းပညာဆိုင်ရာ အထူးခြားဆုံးဖွံ့ဖြိုးတိုးတက်မှုကတော့ ဇီဝနည်းပညာတိုးတက်မှုပဲဖြစ်ပါတယ်။ မျိုးဗီဇနည်းပညာသုံး mRNA ကာကွယ်ဆေးထုတ်လုပ်ခြင်းကို အချိန်တိုအတွင်း လျင်လျင်မြန်မြန်ဖွံ့ဖြိုးတိုးတက်စေခဲ့ပါတယ်။ အဲဒီနည်းပညာအခြေခံတွေက ကင်ဆာနဲ့ HIV ကဲ့သို့သော တခြားရောဂါတွေမှာ အသုံးချနိုင်ဖို့အတွက် ကြီးမားတဲ့ အကျိုးကျေးဇူးတွေရှိစေပါတယ်။

ကမ္ဘာ့နိုင်ငံများရှိ အစိုးရတွေနဲ့ စီးပွားရေးလုပ်ငန်းအင်အားစုတွေက ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နဲ့ ကာဗွန်သုံးစွဲမှုလျှော့ချခြင်းအပါအဝင် စိမ်းလန်းတဲ့သဘာဝပတ်ဝန်းကျင် ပြန်လည်တည်ထောင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ကြဖို့တွန်းအားဖြစ်စေခဲ့တယ်။ ကပ်ရောဂါကာလမှာ မြို့ပြရဲ့ခံနိုင်ရည်ရှိမှုက မဖြစ်မနေစဉ်းစားရမယ့်အချက်ဖြစ်လာပါတယ်။ မြို့တွေမှာ နောင်လာမယ့်ကျန်းမာရေးအကျပ်အတည်းတွေကို ကာကွယ်နိုင်စေဖို့အတွက် လေဝင်လေထွက်ကောင်းစေဖို့နဲ့ လူစုလူဝေးနည်းပါးစေဖို့ အများပြည်သူဆိုင်ရာနေရာတွေကို ဒီဇိုင်းပြန်လည်ရေးဆွဲနေကြပြီဖြစ်ပါတယ်။

**သင်ခန်းစာဖော်ထုတ်မှုများ**

ကပ်ရောဂါဖြစ်ပွားမှုက ကမ္ဘာ့ကျန်းမာရေးစောင့်ရှောက်မှုစနစ်ရဲ့ အားသာချက်၊ အားနည်းချက်တွေကို သိသာထင်ရှားစေခဲ့တယ်။ တန်းတူညီမျှမှုရှိတဲ့ ကမ္ဘာလုံးဆိုင်ရာကျန်းမာရေးစောင့်ရှောက်မှုကို ဦးတည်ဆောင်ရွက်ရမယ့် အချက်ပေးခေါင်းလောင်းထိုးခဲ့တယ်။ အဘယ်ကြောင့်ဆိုသော် ကပ်ရောဂါတွေအနေနဲ့ ကမ္ဘာ့ဘယ်နေရာမှာဖြစ်ဖြစ် တစ်ကမ္ဘာလုံးကို ရိုက်ခတ်မှုရှိကြောင်းကို လက်တွေ့ပြသခဲ့လို့ပဲဖြစ်ပါတယ်။ ကိုဗစ်-၁၉ ရောဂါအလွန်ကာလမှာ နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုနဲ့ ရောဂါကာကွယ်တားဆီးမှုရဲ့အရေးပါမှုကို အသိအမှတ်ပြုခဲ့ကြပါတယ်။ အရင်က ကျန်းမာရေးစနစ်မှာ ရင်းနှီးမြှုပ်နှံမှုနည်းပါးမှုက ကပ်ရောဂါကာလအတွင်း လူ့အသိုင်းအဝိုင်းအပေါ် သက်ရောက်မှုတွေဖြစ်စေခဲ့တာကြောင့် အခုဆိုရင် အခြေခံကျန်းမာရေးကဏ္ဍအတွက် ပိုမိုကြီးမားတဲ့ ရင်းနှီးမြှုပ်နှံမှုတွေ ပြုလုပ်လာကြပါတယ်။ ဝင်ငွေနည်းလူတန်းစားတွေအတွက် ကာကွယ်ဆေးလုံလောက်မှုမရှိခြင်း၊ လက်လှမ်းမီတဲ့ ကျန်းမာရေးစောင့်ရှောက်မှုမရှိခြင်း စတာတွေကို ဖြေရှင်းဆောင်ရွက်နိုင်စေဖို့အတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြဖို့ လိုအပ်မှာဖြစ်ပါတယ်။

ကိုဗစ်-၁၉ ရောဂါအလွန်ကာလမှာ ကမ္ဘာလုံးဆိုင်ရာ အဓိကကျတဲ့ ပြောင်းလဲမှုတွေအနေနဲ့ ကျန်းမာရေးဆိုင်ရာတိုးတက်မှုတွေ၊ စီးပွားရေးဆိုင်ရာအရွေ့တွေ၊ လူမှုရေးနဲ့ ယဉ်ကျေးမှုဆိုင်ရာပြောင်းလဲမှုတွေကို ထင်ထင်ရှားရှားတွေ့မြင်ခဲ့ရပါတယ်။ ဒ့ါပြင် နည်းပညာ၊ အုပ်ချုပ်မှုပိုင်းဆိုင်ရာ၊ ပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာနယ်ပယ်တွေမှာ တိုးတက်ပြောင်းလဲမှုတွေရှိခဲ့ပါတယ်။ သို့တိုင် စိန်ခေါ်မှုတွေလည်းရှိနေပါတယ်။ ကိုဗစ်နောက်ဆက်တွဲသက်ရောက်မှုအနေနဲ့ နာတာရှည် ကိုဗစ်-၁၉ ရောဂါ နောက်ဆက်တွဲရောဂါလက္ခဏာခံစားရမှုတွေ၊ ကပ်ရောဂါကာလအတွင်း စီးပွားရေးနဲ့ လူမှုရေးဆိုင်ရာမညီမျှမှုတွေ ပိုမိုဆိုးရွားလာမှု စတဲ့ရေရှည်ဖြေရှင်းရမယ့်ဆိုးကျိုးတွေလည်းရှိနေပါတယ်။ ကပ်ရောဂါဆိုင်ရာ သင်ခန်းစာတွေကနေတစ်ဆင့် ခံနိုင်ရည်ရှိမှု၊ သာတူညီမျှမှုနဲ့ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရှိတဲ့ ကျန်းမာရေးစနစ်တွေ တည်ဆောက်နိုင်ဖို့ အခွင့်အလမ်းတွေ ထွက်ပေါ်လာစေခဲ့ပါကြောင်း ရေးသားလိုက်ရပါတယ်။

## လူငယ်ရေးရာအသိပညာပေးဟောပြောပွဲနှင့် စာအုပ်စာစောင် နံရံကပ်စာစောင်ပြပွဲများကျင်းပ

ကန့်ဘလူ ဇွန် ၁၅

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှကြီးမှူး၍ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲနှင့် စာအုပ်စာစောင်၊ နံရံကပ်စာစောင်ပြပွဲများကို ဇွန်လ ၁၃ ရက်က လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းမြင့်က ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ကျောင်းစာအပြင် ပြင်ပဗဟုသုတရရှိမည့်စာပေများကို လေ့လာဖတ်ရှုစေလိုကြောင်း၊ စာပေဖတ်ရှုခြင်းကြောင့် အတွေးအခေါ်မြင့်မားလာပြီး အသိပညာ ဗဟုသုတများရရှိစေရန်၊ ဗလငါးတန်နှင့်ပြည့်စုံသည့် လူငယ်လူရွယ်များ ပေါ်ထွန်းလာစေရန်၊ ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်စေရန်အတွက် အားကစားနည်းများကို လေ့ကျင့်ကြရန်နှင့် ပြည်သူ့စာကြည့်တိုက်တွင် စာအုပ်စာစောင်များ အခမဲ့ငှားရမ်းဖတ်ရှုနိုင်ပုံများကို အသိပညာပေးဟောပြောသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် သုတ၊ ရသစာအုပ်စာစောင်များ၊ အသိပညာပေး နံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# ခေါင်နှံစနစ်ဖြင့်စိုက်ပျိုး၍ မျိုးသန့်ပွားများခြင်းနှင့်ကြဲခင်းစနစ်လျှော့ချနိုင်ရေး မျိုးစေ့ချကိရိယာ(Seeder)စနစ်ဖြင့်စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကျင်းပ

ပေါင် ဇွန် ၁၅

မွန်ပြည်နယ် ပေါင်မြို့နယ် သဲဖြူကုန်းကျေးရွာရှိ ဦးဒါဝတ်၏လယ်မြေ၌ ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် ခေါင်နှံစနစ်ဖြင့်စိုက်ပျိုး၍ မျိုးသန့်ပွားများခြင်းနှင့် ကြဲခင်းစနစ်လျှော့ချရေးအတွက် မျိုးစေ့ချကိရိယာ(Seeder) စနစ်ဖြင့် စိုက်ပျိုးခြင်းကွင်းသရုပ်ပြပွဲကို ဇွန်လ ၁၄ ရက်နံနက်ပိုင်းတွင် ကျင်းပသည်။



ရှေးဦးစွာ သထုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးအောင်က မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံဖြစ်သည်နှင့်အညီ တိုးပွားလာသောလူဦးရေအတွက် စားရေရိက္ခာဖူလုံမှုရှိစေရန် နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ပေါင်မြို့နယ်အနေဖြင့် ပိုက်ဆန်လျှော်မျိုးစေ့အပြင် ကျွဲကော၊ ဒူးရင်း၊ ကြက်မောက်၊ မင်းကွတ်နှင့်အခြားအပင်များကိုလည်း ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်သည့်အပြင် စပါးမျိုးစေ့ထုတ်ခြင်းကို ဧက ၅၀ နှင့် ခေါင်နှံဖြင့်မျိုးသန့်ပွားခြင်းကို ၁၀ ဧက စိုက်ပျိုးသွားမည်ဖြစ်သောကြောင့် လုပ်သားရှားပါးခြင်းပြဿနာကိုဖြေရှင်းနိုင်မည်ဖြစ်သည့်အတွက် မျိုးစေ့ချကိရိယာဖြင့် တိုးချဲ့စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း၊ ပေါင်မြို့နယ်အတွက် Seeder ၁၉၅ လက်အား ပေးအပ်ပြီးဖြစ်သောကြောင့် တောင်သူများ အကျိုးရှိစွာအသုံးပြုရန်လိုအပ်ကြောင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်စွာလှိုင်က ခေါင်နှံစနစ်ဖြင့်စိုက်ပျိုး၍ မျိုးသန့်ပွားများခြင်းနည်းစနစ်အကြောင်းကိုရှင်းလင်းဆွေးနွေးပြီး မြို့နယ်စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးရဲမြင့်က Seeder စနစ်ဖြင့် တိုက်ရိုက်မျိုးစေ့ချစိုက်ပျိုးခြင်း၏အကျိုးကျေးဇူးများကို ရှင်းလင်းဆွေးနွေးရာ တောင်သူများက သိရှိလိုသည်များကို မေးမြန်းကြသည်။

ထို့နောက် ခေါင်နှံစနစ်ဖြင့်စိုက်ပျိုး၍ မျိုးသန့်ပွားများခြင်းနှင့် ကြဲခင်းစနစ်လျှော့ချရေးအတွက် မျိုးစေ့ချကိရိယာ(Seeder)စနစ်ဖြင့် စိုက်ပျိုးခြင်း၊ လက်တွေ့သရုပ်ပြသခြင်းတို့ကို ဆောင်ရွက်ကြောင်း သိရသည်။

(၄၀၆)

# ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းပြင်ပမူလတန်းပညာရေး (ပထမစာသင်နှစ်ဝက်) ဗဟိုအဆင့်နည်းပြသင်တန်းဖွင့်လှစ်

ရန်ကုန် ဇွန် ၁၅

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် အမှတ် ၄၂၆ ပြည်လမ်းရှိ ပညာရေးဝန်ကြီးဌာန ကျောင်းပြင်ပနှင့်တစ်သက်တာပညာရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ကျောင်းပြင်ပမူလတန်းပညာရေးကို အောင်မြင်ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့် ကျောင်းသားများ၏ သင်ယူတတ်မြောက်မှုအရည်အသွေးအပြည့်အဝရရှိစေရန် ရည်ရွယ်ဖွင့်လှစ်သည့် ၂၀၂၅ - ၂၀၂၆ ပညာသင်နှစ် ကျောင်းပြင်ပမူလတန်းပညာရေး(ပထမစာသင်နှစ်ဝက်) ဗဟိုအဆင့်နည်းပြသင်တန်းဖွင့်ပွဲအခမ်းအနားကို ဇွန်လ ၁၄ ရက်နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်ဇင်ထွန်းနှင့် စာတတ်မြောက်ရေး အထောက်အကူပြုပင်မအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာတင်ညိုတို့က အမှာစကားများပြောကြားသည်။

ထို့နောက် ကျောင်းပြင်ပနှင့်တစ်သက်တာပညာရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ဦးသန့်ဇင်ထွန်းနှင့်တက်ရောက်လာကြသည့် ဧည့်သည်တော်များက မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၂၆ ဦးတက်ရောက်ပြီး သင်တန်းကို ဇွန်လ ၁၇ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်သည်။

ကျောင်းပြင်ပနှင့်တစ်သက်တာပညာရေးဦးစီးဌာနအနေဖြင့် ကျောင်းပြင်ပမူလတန်းပညာရေးကို ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တိုင်းဒေသကြီး/ပြည်နယ် ခုနစ်ခုရှိ မြို့နယ် ၃၉ မြို့နယ်နှင့် အလှူရှင်မြို့နယ် လေးမြို့နယ် စုစုပေါင်း ၄၃ မြို့နယ်တို့တွင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မင်းလွင်

## စံပယ်သင်းချိန်

❖ အရွယ်တူ စံပယ်ဖြူဖွေး
ကြူမွှေးစွ ပွင့်စုံညီ။
ရွက်လွှာငယ် မြရည်လိမ်း
ယိမ်းနွဲ့ဟန်ချီ။
မိုးသံကြား ဦးမော့ပြီ
မြူးရော့မည် တစုတဝေး။
ဆွတ်ချူယူ သီသွယ်တန်းတော့
ပန်းဂုဏ်တင့်မွှေး။

❖ တန်ဖိုးထား မက်မဆုံးမို့
စံပယ်ကုံး ဘုရားလှူ။
မြန်မာတို့အသည်းနှလုံး
သိမ်းကျုံးပွေ့ယူ။
ပန်လိုပန် လှူလိုလှူ
စံပယ်ဖြူ ရင်ငြိမ်းပန်း။
အမြဲအစဉ်သာ
ပွဲဝင်ကာ အဆင်းဖြူနှင့်
သင်းကြူကြူ ရနံ့မွှေးလို့
အေးမြစိတ်ဝမ်း။

❖ တို့တိုင်းပြည် အနာဂတ်
ရတနာမြတ် ရင်သွေးငယ်။
ဖြူစိမ်းညီ အဝတ်အစားနှင့်
ခံ့ညားတင့်တယ်။
ကျောင်းတော်သား ချစ်စရာ့အရွယ်
ပွင့်စံပယ် ပမာတင်စား။
တစ်သားတည်း ဂုဏ်ရည်အသွင်မို့
စုံညီယှဉ် နေခြည်ဦးမှာ
ဖူးပွင့်စေသား။ ။

**အင်ကြင်းမေ**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

( ခ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

( ဂ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

( စ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

( ဇ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

( ဈ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

( ဋ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

( ဌ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

( ဍ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

( ဎ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

( ဏ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

( တ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# (၁၁)ကြိမ်မြောက်အပြည်ပြည်ဆိုင်ရာယောဂနေ့အထိမ်းအမှတ်အခမ်းအနား ယောဂသရုပ်ပြလေ့ကျင့်ခြင်းအစီအစဉ်ကျင်းပ

နေပြည်တော် ဇွန် ၁၅

ဒုတိယဝန်ကြီးချုပ်နှင့်နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ရန်ကုန်မြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးတို့ပူးပေါင်းစီစဉ်မှုဖြင့် ယနေ့နံနက် ၆ နာရီတွင် နေပြည်တော် သတ္တသတ္တာဟ မဟာဗောဓိစေတီတော်ရင်ပြင်၌ ကျင်းပခဲ့သည့် (၁၁) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာယောဂနေ့အထိမ်းအမှတ်အခမ်းအနား ယောဂသရုပ်ပြလေ့ကျင့်ခြင်း အစီအစဉ်သို့ တက်ရောက်သည်။

ထိုအစီအစဉ်သို့ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးနှင့် ဦးကိုကိုကျော်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် နေပြည်တော်ကောင်စီရုံးမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး မစ္စတာ အဘ်ဟေး တာကူးရ်နှင့် အိန္ဒိယသံရုံးမှ တာဝန်ရှိသူများနှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် အိန္ဒိယသံအမတ်ကြီးနှင့်အတူ သတ္တသတ္တာဟမဟာဗောဓိစေတီတော်ရင်ပြင်၌ (၁၁)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာယောဂနေ့အထိမ်းအမှတ်အဖြစ် ကံ့ကော်ပင်အား အမှတ်တရရုက္ခပြုစိုက်ပျိုးခဲ့ကြောင်း သိရသည်။ **မြဝတီ**





ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မြို့သစ် အမှတ်(၂)ရပ်ကွက်ရှိ အမှတ်(၁၃)အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ပြန်လည်ကျင်းပမည့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် (၈၂)ရပ်ကွက်ရှိ အမှတ်(၂၇)အခြေခံပညာအထက်တန်းကျောင်း၌ ပြန်လည်ကျင်းပမည့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးစဉ်။

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအတွက် စာစစ်ဌာနများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအား ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၅

မန္တလေးတိုင်းဒေသကြီး၊မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်အမှတ်(၂)ရပ်ကွက်၊ မြို့သစ်အမှတ်(၃)ရပ်ကွက်၊ မြို့သစ်အမှတ်(၄)ရပ်ကွက်နှင့် အောင်ပင်လယ်ရပ်ကွက်တို့ရှိ အခြေခံပညာကျောင်းများ၌ ပြန်လည်ကျင်းပမည့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအတွက် စာစစ်ဌာနများ ကြိုတင်ပြင်ဆင်ထားရှိမှုအခြေအနေများကို ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တက္ကသိုလ်ဝင်စာမေးပွဲအတွက် စာစစ်ဌာနများ ကြိုတင်ပြင်ဆင်ထားရှိမှု၊ မေးခွန်းနှင့် အဖြေလွှာများ ထိန်းသိမ်းထားရှိမှု၊ ကျောင်းသား၊ ကျောင်းသူများ ဘေးကင်းလုံခြုံအေးချမ်းစွာ ဖြေဆိုနိုင်ရေးအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေး အတွက်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် ဆရာ၊ ဆရာမများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများက မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကြည်ကုန်းရပ်ကွက်၊ (၈၂)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ ချမ်းမြသာစည်တောင်ရပ်ကွက်နှင့် တမ္ပဝတီ ရပ်ကွက်တို့ရှိ အခြေခံပညာကျောင်းများ၌ ပြန်လည်ကျင်းပမည့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အတွက် တက္ကသိုလ်ဝင်စာမေးပွဲအတွက် စာဖြေဌာနများ၌စာမေးပွဲဖြေဆိုရန်ကြိုတင် ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် စာမေးပွဲကြီးကြပ်ရေးရုံးများတွင် မေးခွန်း/အဖြေလွှာ စသည့်စာရွက်စာတမ်းများအတွက် စနစ်တကျကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# ငါး/ပုစွန် မွေးမြူရေးအစာတောင့်များထုတ်လုပ်ရာတွင် ပြည်တွင်းထွက် ကုန်ကြမ်းများ ပိုမိုအသုံးပြုနိုင်ရေးကြိုးပမ်း

နေပြည်တော် ဇွန် ၁၅

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ရွှေလင်ပန်းစက်မှုဇုန်ရှိ ထူးသစ်ရေချိုငါးပုစွန်အစာတောင့်စက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာဒုတိယဝန်ကြီးသည် ပြည်တွင်းမှ ထွက်ရှိသည့် ဆန်စပါးဘေးထွက်နှင့် ဆီထွက်သီးနှံ ဘေးထွက်ပစ္စည်း ၇၀ ရာခိုင်နှုန်း အသုံးပြုထုတ်လုပ်သည့် ၁ ဒသမ ၄ မီလီနှင့် ၁ ဒသမ ၆ မီလီအရွယ်ပုစွန်အစာတောင့်များ၊ ၂ မီလီ၊ ၄ မီလီ၊ ၂ ဒသမ ၅ မီလီ ငါးလေးငါးကြီး ရေပေါ်အစာတောင့်များနှင့် ၆ မီလီ ငါးတန် ရေပေါ်ငါးအစာတောင့်များ ထုတ်လုပ်ဖြန့်ဖြူးနေမှုများကို ကြည့်ရှုစစ်ဆေးပြီး မွေးမြူရေးတိရစ္ဆာန်များ ကျန်းမာသန်စွမ်းရေး၊ ရောဂါဒဏ်ခံနိုင်ရည်ရှိရေး၊ အရည်အသွေးကောင်းမွန်စွာထုတ်လုပ်နိုင်ရေးအတွက် အခြေခံကျသည့် အာဟာရပြည့်ဝသည့် မွေးမြူရေးအစာကျွေးမွေးမှု ဆောင်ရွက်နိုင်ကြစေရန် ပြည်တွင်းထွက်ကုန်ကြမ်းများကို အဓိကထားအသုံးပြုထုတ်လုပ်ရေး၊ တိရစ္ဆာန်အစာနှင့် သက်ဆိုင်သော သုတေသနများဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

အလားတူ ဒုတိယဝန်ကြီးသည် ရွှေပြည်သာမြို့နယ်ရှိ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနပိုင် လှော်ကားအစာစပ်စက်ရုံကို လောရယ်ရီကုမ္ပဏီက ငှားရမ်းလုပ်ကိုင်ရန်ဆောင်ရွက်နေမှုနှင့်အဆောက်အအုံများ၊ အစာတောင့်စက်ရုံများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းဆိုင်ရာလိုအပ်ချက်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **မြဝတီ**



# အစဉ်ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရမည့် သဘာဝပတ်ဝန်းကျင်

ဆုလတ်မေ



သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းစဉ်သည် ကမ္ဘာပေါ်ရှိလူသားအားလုံးနှင့်သက်ဆိုင်သည်။ အဘယ်ကြောင့်ဆိုသော် သဘာဝပတ်ဝန်းကျင်သန့်ရှင်းမှု၊ ပုံမှန်အတိုင်းထားရှိမှု စသည်တို့နှင့်လူသားတို့၏ရှင်သန်မှုတို့မှာ တိုက်ရိုက်အချိုးကျနေခြင်းကြောင့်ဖြစ်သည်။ ကမ္ဘာတစ်ဝန်းလုံး၌ ရာသီဥတုပြောင်းလဲမှုများသည် ၂၁ ရာစုအစပိုင်းမှစ၍ ပြောင်းလဲလျက်ရှိသည်။ ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးတွင် ပုံမှန်မဟုတ်ဘဲ တစ်နည်းမဟုတ် တစ်နည်းနည်းဖြင့် ပြောင်းလဲလာသော ရာသီဥတုဆိုင်ရာပြဿနာများကိုဖြေရှင်းလျက်ရှိကြသည်။ ရာသီဥတုပြောင်းလဲခြင်း၏ နောက်ဆက်တွဲအကျိုးဆက်များကြောင့် ဆိုးကျိုးခံစားနေရသည့် နိုင်ငံပေါင်းများစွာရှိနေပြီဖြစ်ရာ ရာသီဥတု သမမျှတရေးနှင့် ရာသီဥတု၏အရင်းတည်ရာဖြစ်သောသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသည် လူသားအားလုံးအတွက် အဓိကကျလာသည်။

"သဘာဝဟူသည် ကောင်းစွာဖြစ်ခြင်း၊ အလိုအလျောက်ဖြစ်နေခြင်း"ဟူသော အဓိပ္ပာယ်ရသည်။ လူသားသည် သဘာဝထဲမှမွေးဖွားလာသူဖြစ်သည်။ လူသားဟူသည် သဘာဝ၏ကျေးကျွန်မဟုတ်သလို သဘာဝ၏အရှင်သခင်လည်းမဟုတ်ပေ။ "သစ်ပင်စိုက်ပါ ဤကမ္ဘာ၊ သာယာလှပ စိမ်းမြမြ"ဟူသော ဆောင်ပုဒ်ကို လူတိုင်းကြားဖူးကြပါသည်။ သစ်ပင်တောတောင်သည် သတ္တလောကကြီးအတွက် မရှိမဖြစ်သောအရာဖြစ်သည်။ လူနှင့်သတ္တဝါများ အသက်ရှင်နေထိုင်ရန် မျှတသင့်လျော်သောပတ်ဝန်းကျင်ဖြစ်စေရေးအတွက် သစ်ပင်တောတောင်များက စေစားပေးလျက်ရှိသည်။ သစ်ပင်များသည် ၎င်းတို့ရှင်သန်ကြီးထွားရေးအတွက် လေထုထဲမှကာဗွန်ဒိုင်အောက်ဆိုက်ကိုစုပ်ယူကာ လေထုထဲသို့အောက်ဆီဂျင်ကို ပြန်လည်ထုတ်လွှတ်ပေးသည်။ ထို့ကြောင့် သစ်တောများကို ကမ္ဘာမြေကြီး၏အဆုတ်များဟု တင်စားခေါ်ဝေါ်ကြသည်။

ကမ္ဘာပေါ်တွင် ပြောင်းလဲလာသောရာသီဥတုဖြစ်စဉ်ကြောင့် မတူညီသည့်သဘာဝဖြစ်စဉ်အမျိုးမျိုးတို့ကို ကမ္ဘာပေါ်ရှိလူသားတိုင်း ရင်ဆိုင်ကြုံတွေ့နေရသည်။ လူတို့၏ပြုပြင်စီမံဖန်တီးမှုများကြောင့် ပုံမှန်ရာသီဥတုဖြစ်စဉ်များ၊ ပုံမမှန်ရာသီဥတုဖြစ်စဉ်ဖောက်ပြန်မှုများဖြစ်ပေါ်လာပြီး အကျိုးဆက်ကိုကြုံတွေ့နေကြပြီဖြစ်သဖြင့် သဘာဝပတ်ဝန်းကျင်ကို ပြန်လည်ထိန်းသိမ်းစောင့်ရှောက်ပြီး ကြိုတင်ပြင်ဆင်သတိပြုမှုဖြင့် ကျော်လွှားကြရမည်ဖြစ်သည်။

## ကြိုတင်ပြင်ဆင်မှု

မြန်မာနိုင်ငံသည် သစ်တောဖုံးလွှမ်းမှုအနေဖြင့် ၂၀၂၀ ပြည့်နှစ်ထုတ်ပြန်ချက်အရ နိုင်ငံဧရိယာ၏ ၄၂ ဒသမ ၁၉ ရာခိုင်နှုန်းသာရှိပြီး တဖြည်းဖြည်းလျော့နည်းလာသည်ကို တွေ့ရှိရသည်။ ထို့ကြောင့် "ဥတုရာသီ တောကိုမှီ"ဟုဆိုသည့်အတိုင်း ရာသီဥတုမှန်ကန်ကောင်းမွန်ရေးအတွက် သစ်ပင်သစ်တောများကိုထိန်းသိမ်းရန်လိုအပ်မည်ဖြစ်သည်။ စိုက်ပျိုးသီးနှံများစိုက်ပျိုးနိုင်ရေးအတွက် သစ်ပင်သစ်တောများ ခုတ်ထွင်ရှင်းလင်းခြင်းနှင့်အကြောင်းအမျိုးမျိုးကြောင့် သစ်ပင်သစ်တောများကို ခုတ်ထွင်ရှင်းလင်းနေမှုကြောင့် သစ်ပင်သစ်တောပြုန်းတီးမှုများမှာ များပြားလျက်ရှိသည်။ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နေရာအနှံ့အပြား၌ ရေကြီးရေလျှံမှုများ၊ မုန်တိုင်းတိုက်ခတ်မှုများ၊ မိုးခေါင်ရေရှားမှုများ စသည်ဖြင့် ရာသီဥတုဖောက်ပြန်မှု၏အကျိုးဆက်ကို ကြုံတွေ့လျက်ရှိရာ သဘာဝဘေးအန္တရာယ်သည် ရှောင်လွှဲ၍ရနိုင်သည်မဟုတ်သော်လည်း ကြိုတင်ပြင်ဆင်ကာကွယ်မှုကောင်းခြင်းဖြင့် ထိခိုက်ပျက်စီးမှုကို အနည်းဆုံးဖြစ်အောင် ကာကွယ်ကြရမည်ဖြစ်သည်။ သဘာဝကို ကောင်းအောင်ဖန်တီးသည်မှာ လူသားများပင်ဖြစ်သကဲ့သို့ ဆိုးအောင်ဖန်တီးသည်မှာလည်း လူသားများပင်ဖြစ်သဖြင့် လူသားများအနေဖြင့် သဘာဝသစ်တောထွက်သယံဇာတများကို စည်းကမ်းစနစ်တကျမဟုတ်ဘဲ အလွန်အကျွံထုတ်ယူသုံးစွဲခြင်းကြောင့် သဘာဝ၏အကျိုးဆက်ကို ပြန်လည်ခံစားကြရမည်ဖြစ်သည်။

ရာသီဥတုဖောက်ပြန်ချို့ယွင်းမှုကြောင့် စားနပ်ရိက္ခာအထွက်နှုန်းကျဆင်းလာခြင်း၊ မွေးမြူရေးတိရစ္ဆာန်များ ပျက်စီးဆုံးရှုံးခြင်း၊ ဂေဟစနစ်များ ယိုယွင်းပျက်စီးခြင်း၊ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်လာခြင်း၊ အချို့သတ္တဝါမျိုးစိတ်နှင့် ဇီဝမျိုးစိတ်များ မူရင်းဒေသများမှနေရာပြောင်းရွှေ့ခြင်း၊ ပင်လယ်နှင့် သမုဒ္ဒရာများ၏ဂေဟစနစ်များယိုယွင်းပျက်စီးခြင်း၊ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်လာခြင်း၊ ရောဂါဖြစ်စေသောပိုးမွှားများရှင်သန်ရာဒေသ ပိုမိုကျယ်ပြန့်လာခြင်း၊ အပူလွန်ကဲခြင်းကြောင့် လူသားများ၏ကျန်းမာရေးဆိုင်ရာထိခိုက်လာခြင်း၊ သီးနှံစိုက်ခင်းနှင့် သစ်တောသစ်ပင်များပျက်စီးခြင်း စသည့်ပြဿနာများသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးပွားလျက်ရှိသည်။ ရာသီဥတုဖောက်ပြန်မှု၏လက္ခဏာများအဖြစ် မုန်တိုင်းများတိုက်ခတ်ခြင်း၊ ရေကြီးခြင်း၊ မြေပြိုခြင်း၊ အပူလှိုင်းများကျရောက်ခြင်း၊ မြေငလျင်လှုပ်ခြင်း၊ အအေးလွန်ကဲခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားမှုသည်လည်း ယခင်ကထက် ပိုမိုပြင်းထန်လာသည်။

ရာသီဥတုဖောက်ပြန်လာရခြင်း၏ အဓိကအကြောင်းရင်းသည် ကမ္ဘာကြီးပူနွေးလာမှုကြောင့်ဖြစ်ပြီး ကမ္ဘာကြီးပူနွေးလာမှုသည်လည်း လူသားများ၏လုပ်ဆောင်ချက်များမှ ထွက်ရှိလာသည့် ကာဗွန်ဒိုင်အောက်ဆိုက်များကြောင့် ဖန်လုံအိမ်ဓာတ်ငွေ့များ ကမ္ဘာ့လေထုထဲအလွန်အကျွံရောက်ရှိလာခြင်းကြောင့်ဖြစ်သည်။ ကာဗွန်ဒိုင်အောက်ဆိုက်ကိုစုပ်ယူပြီး လူသားများအတွက် လိုအပ်သည့် အောက်ဆီဂျင်ကို ပြန်လည်ထုတ်လွှတ်ပေးသည့် သစ်တောများပြုန်းတီးခြင်းသည်လည်း ကမ္ဘာကြီးပူနွေးလာမှု၏ အကြောင်းရင်းတစ်ရပ်ဖြစ်သည်။ ကုန်းမြေအခြေပြုသည့်မျိုးစိတ်များ၏ သုံးပုံနှစ်ပုံသည် သစ်တောများတွင်ရှင်သန်မှုအတွက် မှီခိုနေရသည်ဖြစ်ရာ သစ်တောများပြုန်းတီးမှုသည် ဇီဝမျိုးစုံမျိုးကွဲများ၏ဂေဟစနစ်ကို များစွာထိခိုက်စေသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်လျှင် သစ်တောသစ်ပင်ထိန်းသိမ်းရေးကို အလေးထားရမည်ဖြစ်သကဲ့သို့ လေထုညစ်ညမ်းမှုနှင့် ရေထုညစ်ညမ်းမှုများကိုလျှော့ချရန်၊ စက်ရုံသုံးစွန့်ပစ်ပစ္စည်းများကိုထိန်းသိမ်းကြပ်မတ်ရန်၊ သဘာဝသားငှက်တိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်ရန် စသည့်လုပ်ငန်းများကို ဘက်စုံထောင့်စုံကဆောင်ရွက်သွားရမည်ဖြစ်သည်။ ရာသီဥတုဖောက်ပြန်ပျက်စီးခြင်းကြောင့်ဖြစ်ပေါ်လာသည့်နောက်ဆက်တွဲဆိုးကျိုးများသည် ကမ္ဘာကြီးကို မှီခိုရှင်သန်နေရသောလူသားများနှင့်သက်ရှိဇီဝများကို ခြိမ်းခြောက်လျက်ရှိသည်။

ယနေ့ ကမ္ဘာ့လူသားများ၏စားဝတ်နေရေး၊ အသက်ရှင်ရပ်တည်နိုင်ရေးကို အနှောင့်အယှက်မဖြစ်စေရန်နှင့် ကောင်းမွန်သောအနာဂတ်ကမ္ဘာကို နောင်လာနောက်သားများအတွက် ထားရှိပေးနိုင်ရန်ကိုလည်း ဂရုပြုရမည်ဖြစ်သည်။ သဘာဝကပေးထားသည့်စိမ်းလန်းစိုပြည်မှုများ မပျက်စီးစေရန် လူသားများကပင် ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်သည်။ စိမ်းလန်းစိုပြည်သည့်ပတ်ဝန်းကျင်လျော့နည်းလာသည့်အခါတွင်လည်း လူသားများကပင် ပြန်လည်ထိန်းသိမ်းဖန်တီးပေးရမည်ဖြစ်သည်။

## နိုင်ငံတော်မှသစ်ပင်သန်းပေါင်းများစွာစိုက်ပျိုး

ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံအနေဖြင့် သစ်ပင်သစ်တောများ ရေရှည်တည်တံ့စေရေးအတွက် သစ်တောများဖုံးလွှမ်းမှုတိုးတက်လာစေရေးနှင့် သစ်တောပြုန်းတီးမှုလျော့နည်းစေရေးကို အထူးအလေးပေးလုပ်ဆောင်လျက်ရှိသည်။ မြန်မာနိုင်ငံသည် သစ်ပင်စိုက်ပျိုးရန် အကောင်းဆုံးအချိန်ဖြစ်သောမိုးတွင်းကာလဖြစ်သည့် ဇွန်လ၊ ဇူလိုင်လများ၌ သစ်ပင်သန်းပေါင်းများစွာ စိုက်ပျိုးလျက်ရှိသည်။

နိုင်ငံတော်အနေဖြင့် ၂၀၂၂ ခုနှစ် မိုးရာသီမှ ၂၀၂၄ ခုနှစ် မိုးရာသီအထိ နိုင်ငံအဝန်းတွင် ပျိုးပင်စုစုပေါင်း ၉၀ ဒသမ ၅၅ သန်းကျော် ဖြန့်ဝေစိုက်ပျိုးပေးနိုင်ခဲ့သည်။ နေပြည်တော်တွင် သစ်ပင်စိုက်ပျိုးပွဲ (၉)ကြိမ်ပြုလုပ်ခဲ့ပြီး ၃၂၀၉၇၀၃ ပင် စိုက်ပျိုးနိုင်ခဲ့သည်။ ရှင်သန်ဖြစ်ထွန်းမှု ၃၀၃၂၉၈၂ ပင် (၉၄ ရာခိုင်နှုန်း) ရှိသည်။ ဖြန့်ဝေစိုက်ပျိုးခဲ့သည့် သစ်ပင်များသည် သစ်တောနယ်မြေများဖြစ်သည့် ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများအတွင်း၌ စိုက်ပျိုးခြင်းသာမကဘဲ သစ်တောနယ်မြေပြင်ပနေရာများ၌လည်း ဌာနဆိုင်ရာများနှင့်ဒေသခံပြည်သူများက မိုးရာသီလူထုလှုပ်ရှားမှုအသွင်ဖြင့် စိုက်ပျိုးခဲ့ခြင်းဖြစ်ပေသည်။ ထို့ကြောင့် စိုက်ပျိုးလိုက်သည့်သစ်ပင်များ ရာနှုန်းပြည့်အောင်မြင်ရှင်သန်ရေးအတွက် ပြုစုထိန်းသိမ်းရေးလုပ်ငန်းများကိုလည်း အားလုံးဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ပေသည်။ ယခုနှစ် မိုးရာသီ၌လည်း အမြင့် ၂ ပေအထက် ပျိုးပင် ၂၀ ဒသမ ၅၉ သန်းကို နိုင်ငံအဝန်းဖြန့်ဝေပေးထားပြီး စိုက်ပျိုးသွားမည်ဖြစ်ကြောင်းသိရသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဇွန်လ ၁၅ ရက်နေ့တွင် ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ၌ သစ်မျိုး ၁၆ မျိုး၊ ပျိုးပင်ပေါင်း ၃၀၀၀ ပင်စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရှိရသည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသည် နိုင်ငံတစ်နိုင်ငံ၏အစိုးရ၊ တာဝန်ရှိသူတို့မှ လုပ်ကိုင်ဆောင်ရွက်ရုံနှင့် ဖြေရှင်းနိုင်သည့်ပြဿနာမဟုတ်ပေ။ ကမ္ဘာပေါ်ရှိ လူတိုင်းလူတိုင်း အသိစိတ်ဓာတ်ရှိရှိဖြင့် ပါဝင်ဆောင်ရွက်မှသာ အောင်မြင်သောလုပ်ငန်းစဉ်တစ်ရပ်ဖြစ်နိုင်မည်ဖြစ်သည်။ နိုင်ငံတော်အစိုးရပိုင်းမှ မည်မျှပင်ဆောင်ရွက်စေကာမူ လူတစ်ဦးချင်း၏ မိမိကိုယ်ပိုင်အသိစိတ်ဓာတ်ဖြင့် ပါဝင်ဆောင်ရွက်မှုမရှိပါက သဘာဝပတ်ဝန်းကျင်ပျက်စီးယိုယွင်းမှုများမှာ တစ်နေ့ထက်တစ်နေ့ပိုမိုဆိုးရွားလာမည်ဖြစ်သည်။ မီးဖိုချောင်ထွက်ပစ္စည်းများကို စနစ်တကျစွန့်ပစ်ခြင်း၊ ရေတွင်းရေကန်များကို စနစ်တကျထိန်းသိမ်းစောင့်ရှောက်ခြင်း၊ မြစ်၊ ချောင်းများအတွင်း အညစ်အကြေးနှင့် အမှိုက်သရိုက်များစွန့်ပစ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ သစ်တောသစ်ပင်များခုတ်ယူမှုမပြုခြင်း၊ ပလတ်စတစ်နှင့်ကြွပ်ကြွပ်အိတ်အသုံးပြုမှုများကို စနစ်တကျဆောင်ရွက်ခြင်း စသည့်အပြုအမူများသည် လူတစ်ဦးချင်းစီမှအစပြု၍ ကမ္ဘာပေါ်ရှိ လူသားတိုင်းဆောင်ရွက်ရမည့်တာဝန်များဖြစ်သည်။ ထိုသို့ လူတိုင်းအသိစိတ်ဓာတ်ရှိရှိပါဝင်ဆောင်ရွက်မှသာ မြန်မာနိုင်ငံ၏ဦးတည်ရာပန်းတိုင်ဖြစ်သော (Green Economic and Green Development)စိမ်းလန်းသောစီးပွားရေးနှင့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များကို အောင်မြင်အောင်အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် မလွန်ဆန်နိုင်သောသဘာဝဘေးအမျိုးမျိုးကို ကြိုတင်ပြင်ဆင်၍ စဉ်ဆက်မပြတ်ကာကွယ်ထိန်းသိမ်းပြီး ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကိုလျော့ကျစေကာ သက်ရှိနှင့် သဘာဝပတ်ဝန်းကျင်တို့ ဟန်ချက်ညီညီ နေထိုင်နိုင်သောအနာဂတ်ကို အကောင်အထည်ဖော်နိုင်ရေး ကာကွယ်ထိန်းသိမ်းစောင့်ရှောက်သွားကြရမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

★ စာမျက်နှာ ၁၅ မှအဆက်

စိုက်ပျိုးခြင်းသာမကဘဲ သစ်တောနယ်မြေ ပြင်ပနေရာများ၌လည်း ဌာနဆိုင်ရာများ နှင့် ဒေသခံပြည်သူများက မိုးရာသီလူထု လှုပ်ရှားမှုအသွင်ဖြင့် စိုက်ပျိုးခဲ့ခြင်း ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးလိုက် သည့်သစ်ပင်များ ရာနှုန်းပြည့်အောင်မြင် ရှင်သန်ရေးအတွက် ပြုစုထိန်းသိမ်းရေး လုပ်ငန်းများကိုလည်း အားလုံးဝိုင်းဝန်း ဆောင်ရွက်ပေးကြရန်မှာကြားလိုကြောင်း၊ ယခုနှစ်မိုးရာသီ၌လည်း အမြင့်၂ပေအထက် ပျိုးပင် ၂၀ ဒသမ ၅၉ သန်းကို နိုင်ငံအဝန်း ဖြန့်ဝေပေးထားပြီး စိုက်ပျိုးသွားမည်ဖြစ် ကြောင်း။

လမ်းဘေးဝဲ/ယာ စိမ်းလန်းစိုပြည်ရေး စိုက်ခင်းများတည်ထောင်ခြင်း၊ မြစ်ချောင်း များ ဘေးဝဲ/ယာတစ်လျှောက် သစ်ပင်များ စိုက်ပျိုးထိန်းသိမ်းခြင်း၊ လမ်းမကြီးအသီး သီး နှင့် ရထားလမ်းဘေးဝဲ/ယာသစ်ပင်စိုက်ပျိုး ခြင်း၊ ဒီရေတောများထိန်းသိမ်းစိုက်ပျိုးခြင်း၊ အပူပိုင်းဒေသ (၁၃)ခရိုင် စိမ်းလန်းစိုပြည်ရေး အတွက် တစ်ရွာ (၂)ဧက စိုက်ခင်း၊ ဘက်စုံ သုံးစိုက်ခင်း၊ ကျေးရွာထင်းစိုက်ခင်းများ တည်ထောင်ခြင်း၊ ပုဂံရှေးဟောင်းယဉ်ကျေး မှုနယ်မြေ စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်များစိုက်ပျိုးခြင်း၊ ရာဂိမုန်တိုင်းကြောင့် ရေကြီးရေလျှံဖြစ်ခဲ့သည့် နေရာဒေသ များတွင် သစ်ပင်များစိုက်ပျိုးခြင်း စသည့် အစိမ်းရောင်ဖွံ့ဖြိုးမှု အစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိကြောင်း။

"အိမ်တိုင်းမှာသစ်ပင်၊ ရွာစဉ်မှာတော တန်း၊ တစ်တောဝင် တစ်တောဆက်၊ မြို့ တက်မယ့်လမ်း" ဆိုသကဲ့သို့ ပြည်သူလူထု တစ်ရပ်လုံးအနေဖြင့် ရပ်ကွက်၊ ကျေးရွာ၊ မြို့ပြ ပတ်ဝန်းကျင်နေရာအသီးသီးမှာ စိမ်းလန်း စိုပြည်ပြီး အရိပ်အာဝါသရရှိစေရေး ကိုယ်တိုင် အသိစိတ်ဓာတ်အပြည့်အဝဖြင့် သစ်ပင်သစ်တောများကိုထိန်းသိမ်းပြီး တိုးချဲ့ စိုက်ပျိုးသွားကြရမည်ဖြစ်ကြောင်း၊ **စိုက်ပျိုး ပြီးသည့် သစ်ပင်သစ်တောများကိုလည်း တစ်ပင်စိုက်လျှင်တစ်ပင် "ရှင်အောင်စိုက်ပျိုး၊ ကြီးအောင်ပြုစု၊ မြဲအောင်ထိန်းသိမ်း" သွားရန်လည်းလိုအပ်**ကြောင်း၊ နောင်သား စဉ်မြေးဆက်အတွက် စိမ်းလန်းစိုပြည်ပြီး အေးချမ်းသာယာသည့် ပတ်ဝန်းကျင် ကောင်းနှင့် သဘာဝအရင်းအမြစ်တွေ ကြွယ်ဝသည့်နိုင်ငံအဖြစ် လက်ဆင့်ကမ်း ပေးနိုင်ရန်အတွက် သဘာဝသယံဇာတ အမွေအနှစ်ဖြစ်သည့် သစ်တောများကို အားလုံးဝိုင်းဝန်း ထိန်းသိမ်းသွားကြရမည် ဖြစ်ကြောင်း။

နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက် ရေး၊ ပြည်သူများစားရေရိက္ခာဖူလုံရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ သာယာ သန့်ရှင်းသည့်ပတ်ဝန်းကျင်နှင့် ကောင်းမွန် သည့်ဂေဟစနစ်ကို ထိန်းသိမ်းနိုင်ရေး အတွက် သစ်ပင်သစ်တောများသည် အလွန် အရေးကြီးသည့်အခန်းကဏ္ဍက ပါဝင်လျက် ရှိကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံတော် အနေဖြင့် အစိမ်းရောင်စီးပွားရေးဖွံ့ဖြိုးမှု လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ပေး လျက်ရှိကြောင်း၊ နိုင်ငံ၏သဘာဝအရင်း အနှီးသစ်ပင်သစ်တောတွေ ပိုမိုတိုးပွားလာ ပြီး ပတ်ဝန်းကျင်ရေးရာကာကွယ်စောင့် ရှောက်မှုနှင့် လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာအကျိုးအမြတ်များကို ရရှိစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံ အဝန်း သစ်တောဖုံးလွှမ်းမှုတိုးတက်လာ ပြီး စိမ်းလန်းစိုပြည်သာယာလှပစေ ရေး၊ ရာသီဥတုမျှတကောင်းမွန်စေရေးနှင့် သဘာဝဘေးအန္တရာယ်တားဆီးကာကွယ် ရေးအတွက် သစ်တောစိုက်ပျိုးထိန်းသိမ်း ခြင်းလုပ်ငန်းများကို အမျိုးသားရေးတာဝန် တစ်ရပ်အနေဖြင့် ပူးပေါင်းဆောင်ရွက်သွား ကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ကံ့ကော် ပင်အား သတ်မှတ်နေရာတွင် ဦးဆောင် စိုက်ပျိုးပေးသည်။

ယင်းနောက် အခမ်းအနားသို့ တက် ရောက်လာကြသည့် နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်ကြီး များနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းများနှင့် တာဝန်ရှိသူများသည် ပျိုးပင်များကို တစ်ပြိုင်တည်း စိုက်ပျိုးပေးကြ သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် သည် ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူ များက ပျိုးပင်များအား တပျော်တပါး စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေး သည်။


ယနေ့ကျင်းပပြုလုပ်သည့် ၂၀၂၅ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနား တွင် သစ်မျိုး ၁၆ မျိုး၊ ပျိုးပင်ပေါင်း ၃၀၀၀ ပင်ကို စိုက်ပျိုးနိုင်ခဲ့သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဥတ္တရသီရိဆည်မြေသား ကွဲအက်ရေစိမ့်ထွက်ဖြစ်ပေါ်နေမှုအား ပြုပြင် ရန် ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ စိုက်ပျိုး ရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်တာဝန်ရှိ သူများက ဥတ္တရသီရိဆည်အတွင်း ရေဝင် ရောက်ရာလမ်းကြောင်းများ၊ တမံပြန်လည် ပြုပြင်ရန်အတွက် ဘူမိဗေဒတိုင်းတာခြင်း လုပ်ငန်းများ၊ မြေစမ်းသပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု အခြေအနေများ နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြုပြင်ခြင်းလုပ်ငန်း များမဆောင်ရွက်မီ စစ်ဆေးခြင်းလုပ်ငန်း များအား စနစ်တကျဆောင်ရွက်သွားရန်၊ ပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် ရေရှည်ခိုင်ခံ့ကောင်းမွန်အောင် ဆောင်ရွက် သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်းသတင်းရရှိ သည်။ **(၁၀၀)**

○ ကျောဖုံးမှအဆက်

အရှိန်ကြောင့်လည်းကောင်း၊ အနောက် ဘက်မှရွေ့လျားလာသော လေပွေလှိုင်း များ၏အရှိန်ကြောင့်လည်းကောင်း ယနေ့ ညနေမှ ဇွန်လ ၁၉ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသ ကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်း တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်း ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာ အနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသ များတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင် တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက် လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင် သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင် တို့တွင် ၁၀ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်း ခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုး ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီး လက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက် ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝ ဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီး တွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှု အန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံ မှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါ ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊




လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်း တာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/ဇလ)**

# ဆိုချီ၌ ပဉ္စမအကြိမ်မြောက် ကမ္ဘာ့ဇီဝလုံခြုံမှုညီလာခံပိတ်ပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ တက်ရောက်




**နေပြည်တော် ဇွန် ၁၅**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဆိုချီမြို့ နိုဗိုတယ်ဟိုတယ်၌ ကျင်းပလျက်ရှိသော 5th International Scientific and Practical Conference "Global Biosecurity Challenges, Problems and Solutions ညီလာခံ၏ ဒုတိယနေ့အစီအစဉ်များကို ဇွန်လ ၁၁ ရက်ကကျင်းပရာ သိပ္ပံနှင့်နည်း ပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျ ဆက်လက်တက်ရောက်ခဲ့ သည်။

ဒုတိယဝန်ကြီးသည် ဇီဝလုံခြုံမှုကဏ္ဍ အတွက် နည်းပညာဆိုင်ရာ အခွင့်အလမ်း သစ်များနှင့် ထိခိုက်မှုအန္တရာယ်များ ပေါ်ထွန်းလာမှု (ဉာဏ်ရည်တုနည်းပညာနှင့် ဒြပ်ပေါင်းဇီဝဗေဒ) [New Opportunities and Emerging Risks of Technology in the Context of Biosecurity: Artificial Intelligence and Synthetic Biology] ခေါင်းစဉ်ဖြင့် ရုရှားရှိ မိုင်းရပ်စ်ဗေဒသိပ္ပံ၊ ဇီဝအော်ဂင်းနစ်သုတေသနဌာန၊ မိုက်ခရို အော်ဂင်းနစ်သုတေသနဌာန၊ မော်လီကျူး ယန္တရား သုတေသနဌာန၊ ဓာတုနှင့် ဇီဝ အန္တရာယ်များကာကွယ်ထိန်းချုပ်ရေး ဗဟို သုတေသနသိပ္ပံတို့မှ ပညာရှင်များ၏ ဆွေးနွေးပွဲသို့လည်းကောင်း၊ ညီလာခံ၏ Session 6 အဖြစ်ကျင်းပသော BTWC ၏ Article X အရ နိုင်ငံတကာနှင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများ ခေါင်းစဉ်ဖြင့် ရုရှား၊ တရုတ်၊ အာရှ-ပစိဖိတ်နှင့် အာဖရိက တို့ရှိ BTWC ဆိုင်ရာ အဖွဲ့အစည်းအသီးသီး တို့မှ တာဝန်ရှိသူများ၏ ဆွေးနွေးပွဲကို လည်းကောင်း၊ Amphitheatre ခန်းမ၌ ကျင်းပသည့် ဒေသတွင်းနှင့် ကမ္ဘာလုံး ဆိုင်ရာ ဇီဝလုံခြုံမှုအတွက် နည်းပညာ တီထွင်ဆန်းသစ်မှုများ (Innovations for Regional and Global Biosecurity) ခေါင်းစဉ် ဖြင့် ကျင်းပသော Plenary Session II ကို လည်းကောင်း တက်ရောက်ခဲ့သည်။

ဆက်လက်၍ယင်းခန်းမ၌ညီလာခံပိတ်ပွဲ အခမ်းအနားကိုကျင်းပရာ ညီလာခံ၏ Session ခြောက်ခုမှ ဆွေးနွေးပွဲညှိနှိုင်း ကွပ်ကဲသူခြောက်ဦးတို့က ဆွေးနွေးပွဲ ရလဒ်များကို အနှစ်ချုပ်ပြန်လည်ရှင်းလင်း တင်ပြကြပြီး ရုရှားနိုင်ငံခြားရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး H.E. Mr. Sergey Ryabkov က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်းသိရသည်။

မြဝတီ

☆ **စာမျက်နှာ ၁၇ မှအဆက်**

သစ်တောများသည် ဂေဟစနစ်များအားလုံး ဗဟိုချက်အဖြစ် ထိန်းညှိဆောင်ရွက်ပေးလျက်ရှိသည့်အတွက် နိုင်ငံစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကကျသည်ဟုပြောရမည်ဖြစ်ကြောင်း၊ ထို့ကြောင့်လည်း ကုလသမဂ္ဂစဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များအောင်မြင်စေရေး၊ လူသားများနှင့်သက်ရှိများ ရေရှည်တည်တံ့စေရေးနှင့် စိမ်းလန်းသာယာစေရေးတို့အတွက် ကမ္ဘာ့နိုင်ငံအသီးသီးက သစ်တောစိုက်ပျိုးထိန်းသိမ်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိကြကြောင်း၊ ကုလသမဂ္ဂသစ်တောကဏ္ဍဆိုင်ရာ မဟာဗျူဟာရည်မှန်းချက်အရ ၂၀၀၀ ပြည့်နှစ်တွင်ရှိခဲ့သည့် ကမ္ဘာ့သစ်တောဧရိယာဧက(၁၀) ဘီလီယံမှ ၂၀၃၀ ပြည့်နှစ်တွင်ဧရိယာဧက သန်း ၃၀၀ ခန့် (၃ ရာခိုင်နှုန်းခန့်) ပိုမိုတိုးပွားလာစေရန် ရည်မှန်းချက်ထားပြီး ကုလသမဂ္ဂက အားပေးဆောင်ရွက်လျက်ရှိကြောင်း။

**မိမိတို့မြန်မာနိုင်ငံသည် ရေ၊ မြေ၊ တောတောင်၊ သဘာဝသယံဇာတများနှင့် ဇီဝမျိုးစုံမျိုးကွဲများကြွယ်ဝသည့် နိုင်ငံဖြစ်**ကြောင်း၊ ထို့အပြင် **အာဆီယံနှင့်ဒေသတွင်းနိုင်ငံများအနက် သစ်တောဖုံးလွှမ်းမှုကောင်းမွန်ပြီး သစ်တောဖုံးလွှမ်းမှုဧရိယာ ဒုတိယအများဆုံးပိုင်ဆိုင်သည့် နိုင်ငံလည်းဖြစ်**ကြောင်း၊ **နိုင်ငံ၏သစ်တောဖုံးလွှမ်းမှုသည် ၂၀၁၅ ခုနှစ်တွင် နိုင်ငံဧရိယာ၏ ၄၂ ဒသမ ၉၂ ရာခိုင်နှုန်း၊ ၂၀၂၀ ပြည့်နှစ်တွင် ၄၂ ဒသမ ၁၉ ရာခိုင်နှုန်းနှင့် ၂၀၂၅ ခုနှစ် ပဏာမအစီရင်ခံစာအရ ၄၂ ဒသမ ၁၅ ရာခိုင်နှုန်းရှိသည်ကိုတွေ့ရသည့်အတွက် သစ်တောပြုန်းတီးမှု အနည်းငယ်ရှိနေ**ကြောင်း၊ သို့သော်လည်း မိမိတို့တာဝန်ယူပြီးနောက်ပိုင်း သစ်ပင်စိုက်ပျိုးမှု၊ သစ်တောများပြုပြင်ထိန်းသိမ်းမှုကို အလေးထားကြပ်မတ်ဆောင်ရွက်ခဲ့သည့်အတွက် နှစ်ကာလအလိုက် သစ်တောပြုန်းတီးမှု သိသိသာသာလျော့နည်းကျဆင်းခဲ့သည်ကိုတွေ့ရှိရကြောင်း။

"ရာသီဥတုမျှတပြီး သစ်တောဂေဟစနစ်ဆိုင်ရာ ဝန်ဆောင်မှုများပိုမိုရရှိစေရေးအတွက် နိုင်ငံဧရိယာ၏ ၅၀ ရာခိုင်နှုန်းအထိ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများက ပျိုးပင်များ တပျော်တပါးစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးစဉ်။

သစ်တောများဖုံးလွှမ်းအောင်" ရည်မှန်းချက်ထားပြီး သက်ဆိုင်ရာဌာနများ၊ ဒေသဆိုင်ရာများနှင့်အဖွဲ့အစည်းများအားလုံးက အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်သွားကြရန်လည်း မှာကြားလိုကြောင်း။

နိုင်ငံတော်အနေဖြင့် သဘာဝဘေးအန္တရာယ်များ ကြုံတွေ့လာသည့်အခါ ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စနစ်တကျထိထိရောက်ရောက်ဆောင်ရွက်ပေးခဲ့သကဲ့သို့ သဘာဝဘေးအန္တရာယ်များတားဆီးကာကွယ်ရေးနှင့် နိုင်ငံအဝန်း စိမ်းလန်းစိုပြည်သာယာဝပြောရေးတို့ကို အလေးထားဆောင်ရွက်ပေးနေကြောင်း၊ သစ်တောသယံဇာတများကာကွယ်ထိန်းသိမ်းခြင်း၊ စီမံအုပ်ချုပ်ခြင်း၊ ပြန်လည်တည်ထောင်ခြင်းနှင့် တိုးချဲ့စိုက်ပျိုးခြင်းလုပ်ငန်းများကို နိုင်ငံတော်၏ဦးစားပေးအစီအစဉ်တစ်ရပ်အနေဖြင့် ရေရှည်စီမံချက်များ ဖော်ထုတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်အနေဖြင့် ၂၀၂၁ ခုနှစ်မိုးရာသီမှ ၂၀၂၄ ခုနှစ် မိုးရာသီအထိ နိုင်ငံအဝန်းတွင် ပျိုးပင်စုစုပေါင်း ၉၀ ဒသမ ၅၅ သန်းကျော်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများက ပျိုးပင်များ တပျော်တပါးစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးစဉ်။

ဖြန့်ဝေစိုက်ပျိုးပေးနိုင်ခဲ့ကြောင်း၊ နေပြည်တော်တွင် မိမိကိုယ်တိုင်ဦးဆောင်မှုနှင့် သစ်ပင်စိုက်ပျိုးပွဲ (၉)ကြိမ်ပြုလုပ်ခဲ့ပြီး (၃၂၀၉၇၀၃)ပင် စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ရှင်သန်ဖြစ်ထွန်းမှု (၃၀၃၂၉၈၂)ပင် (၉၄ ရာခိုင်နှုန်း)ရှိကြောင်း၊ ဖြန့်ဝေစိုက်ပျိုးခဲ့သည့်သစ်ပင်များသည် သစ်တောနယ်မြေများဖြစ်သည့် ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများအတွင်း၌ **စာမျက်နှာ ၁၄ သို့** ☆





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ဥတ္တရသီရိဆည်အတွင်း ရေဝင်ရောက်ရာလမ်းကြောင်းများ၊ တမံပြန်လည်ပြုပြင်ရန်အတွက် ဘူမိဗေဒတိုင်းတာခြင်းလုပ်ငန်းများ၊ မြေစမ်းသပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၅ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး ပျိုးပင်ကို စိုက်ပျိုးပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး ပျိုးပင်ကို စိုက်ပျိုးပေးစဉ်။

★ **ရှေ့ဖုံးမှအဆက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားများကို ပြည်သူလူထုပူးပေါင်းပါဝင်မှုဖြင့် နှစ်စဉ် ဦးစီးဦးဆောင်လုပ်ပြီး ကျင်းပဆောင်ရွက်နေသကဲ့သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌လည်း ဒေသအလိုက်၊ ဌာနအလိုက် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်များကို ပြုလုပ်လျက်ရှိကြောင်း၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်သာယာလှပရေး၊ သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရေး၊ ဂေဟစနစ်ကောင်းမွန်မျှတစေရေး၊ တောတောင်ရေမြေကို ထိန်းသိမ်းပြီး သဘာဝဘေးအန္တရာယ်များမှ တားဆီးကာကွယ်နိုင်ရေး၊ ရာသီဥတုမျှတကောင်းမွန်စေရေးနှင့် သစ်ပင်စိုက်ပျိုးထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြည်သူများ နိုးကြားတက်ကြွစွာ ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်လာကြရန်လိုအပ်ကြောင်း၊ ယင်းကို တိုက်တွန်းနှိုးဆော်သည့် ရည်ရွယ်ချက်ဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်များကို နိုင်ငံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးညိုစော ပျိုးပင်ကို စိုက်ပျိုးပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ပျိုးပင်ကို စိုက်ပျိုးပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း ပျိုးပင်ကို စိုက်ပျိုးပေးစဉ်။

## “ရာသီဥတုမျှတပြီး သစ်တောဂေဟစနစ်ဆိုင်ရာ ဝန်ဆောင်မှုများပိုမိုရရှိစေရေး နိုင်ငံဧရိယာ၏ ၅၀ ရာခိုင်နှုန်းအထိ သစ်တောများဖုံးလွှမ်းအောင်” ရည်မှန်းချက်ထားပြီး သက်ဆိုင်ရာဌာနများ၊ ဒေသဆိုင်ရာများနှင့် အဖွဲ့အစည်းများအားလုံးက အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့်ဆောင်ရွက်

❖ **သစ်ပင်သစ်တောများသည် ရာသီဥတုမျှတရေး၊ သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေး၊ ရေနှင့်မြေဆီလွှာထိန်းသိမ်းရေး စသည့်ဂေဟစနစ်ဝန်ဆောင်မှုများနှင့် ညီညွတ်မျှတရေးကို စဉ်ဆက်မပြတ်ပံ့ပိုးပေးလျက်ရှိ၊ သစ်ပင်သစ်တောများသည် ကျေးလက်နေပြည်သူများအတွက် သစ်၊ ထင်း၊ ဝါး၊ ကြိမ်၊ အစားအစာ၊ ဆေးဝါးစသည့် သစ်တောထွက်ပစ္စည်းအမျိုးမျိုးနှင့် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးလျက်ရှိ . . .**

❖ **ယခုနှစ်မိုးရာသီ၌လည်း အမြင့် ၂ ပေအထက် ပျိုးပင် ၂၀ ဒသမ ၅၉ သန်းကို နိုင်ငံအဝန်းဖြန့်ဝေပေးထားပြီး စိုက်ပျိုးသွားမည်ဖြစ် . . .**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပျိုးပင်ကို စိုက်ပျိုးပေးစဉ်။

နှင့်အဝန်း နှစ်စဉ်ကျင်းပကြခြင်းဖြစ်ကြောင်း၊ ယနေ့ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် သစ်မျိုး (၁၆) မျိုး၊ သစ်ပင်ပေါင်း (၃၀၀၀)ကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း။

သစ်ပင်သစ်တောများသည် ကမ္ဘာမြေပေါ်တွင်ရှိသည့်သက်ရှိများ ရှင်သန်ရပ်တည်ရေးအတွက် အလွန်အရေးပါလှကြောင်း၊ သစ်ပင်သစ်တောများသည် လူသားများအပါအဝင် သက်ရှိများအသက်ရှင်သန်ရေးအတွက် အဓိကလိုအပ်သည့် အောက်ဆီဂျင်ကိုထုတ်လွှတ်ပေးရုံသာမက ရာသီဥတုပြောင်းလဲမှုကိုဖြစ်ပေါ်စေပြီး ကျန်းမာရေးကိုထိခိုက်စေနိုင်သည့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များကို လေထုအတွင်းမှစုပ်ယူဖယ်ရှားပေးကြောင်း၊ သစ်ပင်သစ်တောများသည် ရာသီဥတုမျှတရေး၊ သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေး၊ ရေနှင့်မြေဆီလွှာထိန်းသိမ်းရေး စသည့်ဂေဟစနစ်ဝန်ဆောင်မှုများနှင့် ညီညွတ်မျှတရေးကို စဉ်ဆက်မပြတ် ပံ့ပိုးပေးလျက်ရှိကြောင်း။

သစ်ပင်သစ်တောများသည် ကျေးလက်နေပြည်သူများအတွက် သစ်၊ ထင်း၊ ဝါး၊ ကြိမ်၊ အစားအစာ၊ ဆေးဝါးစသည့် သစ်တောထွက်ပစ္စည်းအမျိုးမျိုးနှင့် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ သစ်ပင်သစ်တောများကို စိုက်ပျိုးထိန်းသိမ်းခြင်းဖြင့် ရေ၊ မြေ၊ ရာသီဥတုကောင်းမွန်မျှတသာယာပြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုနှင့်ဝန်ဆောင်မှုကဏ္ဍအသီးသီးအတွက် ကုန်ကြမ်းပစ္စည်းများ၊ သွင်းအားစုများနှင့် ပတ်ဝန်းကျင်ဆိုင်ရာဝန်ဆောင်မှုများကိုလည်း ပံ့ပိုးပေးလျက်ရှိသောကြောင့် အကျိုးကျေးဇူးများစွာရရှိနိုင်ကြောင်း။

**စာမျက်နှာ ၁၅ သို့** ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမြထွန်းဦး ပျိုးပင်ကို စိုက်ပျိုးပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးတင်အောင်စန်း ပျိုးပင်ကို စိုက်ပျိုးပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမောင်မောင်အေး ပျိုးပင်ကို စိုက်ပျိုးပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ပျိုးပင်ကို စိုက်ပျိုးပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘဒွေ ပျိုးပင်ကို စိုက်ပျိုးပေးစဉ်။

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing plants a gangaw sapling at the first monsoon tree-planting ceremony for 2025 of Nay Pyi Taw, Union Territory





Senior General Min Aung Hlaing delivers an address.

NAY PYI TAW June 15

The first monsoon tree-planting ceremony for 2025 of Nay Pyi Taw, Union Territory took place at Yanaungmyin forest reserve in Dekkhinathiri Township, Nay Pyi Taw, Union Territory this morning. Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing took part in the ceremony and planted a gangaw sapling.

Also present at the ceremony together with the Senior General were Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win, the SAC Secretary, the SAC Joint Secretary, SAC members, union level dignitaries, union ministers, the Nay Pyi Taw Council chair, senior military officers from the Office of the Commander-in-Chief, the deputy ministers, civil servants including officers of the ministries, faculty members and students of Naypyitaw State Academy, Naypyitaw State Polytechnic University, Government Technical Institute (Nay Pyi Taw), Forestry and Environmental Science University and officials.

First, the Senior General delivered an address. He said the government is organizing annual monsoon tree-planting ceremonies with public involvement. Likewise, regions and states are also doing the same area wise and department wise. Awareness of and active participation of the public in greening and beautifying the environment, ensuring sustainability of forest resources, improving the ecosystem, providing natural disaster protection through conservation of forest, land and mountains, improving the climate and planting and protecting trees is essential. Monsoon tree-planting movements are being held in the entire country as a campaign to realize the abovementioned goals. Todays' ceremony will grow 3,000 saplings of 16 different species.

Trees and forests are crucial for life on this planet. Apart from releasing oxygen, the main requirement for life including humans, they are also helpful for weather pattern rotation and absorb carbon dioxide, which is harmful for health,

See Page - 21►►



Senior General Min Aung Hlaing hears updates on water inflow pathways, geological surveys for embankment restoration, and soil testing progress of Uttarathiri Dam.



Senior General Min Aung Hlaing plants a sapling.

►► From Page - 21

acres per village" agroforestry projects in 13 tropical districts, creating community fuelwood plantations, executing greening projects in the ancient Bagan cultural zone, and conducting reforestation in the areas flooded due to cyclone Yagi.

The government promotes the concept of "A Tree at Every Home, a Forest Belt Around Every Village," encouraging all citizens to actively participate in greening urban and rural areas to ensure shade and a healthy environment. The principle "Plant to Survive, Nurture to Grow, Preserve to Sustain" must guide afforestation efforts. Protecting forests—our natural heritage—is vital for passing down a green, prosperous nation to future generations.



SAC member U Wunna Maung Lwin plants a sapling.



SAC member Dr Hmu Htan waters a sapling.



Daw Dwe Bu waters a sapling.

Forests play a crucial role in national sustainable development, food security, socio-economic progress, and maintaining a clean environment and healthy ecosystems. Thus, the State is increasing investments in the green economy, which will expand forest cover, enhance environmental protection, and deliver social, economic, and ecological benefits. To boost forest coverage, mitigate climate change, and prevent natural disasters, tree planting and conservation must be treated as a national duty requiring collective participation.

Next, the Senior General ceremonially planted a Gangaw tree at the designated site. Other attendees—including Vice-Senior General Soe Win, Council Secretary, Joint Secretary and members, Union level officials, Union ministers, invited dignitaries, students, and departmental personnel and officials from various ministries —joined in planting saplings simultaneously.

Then, the Senior General went round and encouraged the participants.

The ceremony featured the planting of 3,000 saplings of 16 different species.

After the tree-planting ceremony, the Senior General and his entourage visited Uttarathiri Dam to assess ongoing repairs for soil cracks and seepage issues. Union Minister for agriculture, Livestock, and Irrigation U Min Naung, along with Nay Pyi Taw Council chairman and officials, provided updates on water inflow pathways, geological surveys for embankment restoration, and soil testing progress. The Senior General emphasized the need for systematic pre-repair inspections, durable long-term solutions, and proper follow-up measures to ensure the dam's structural integrity. He directed officials to implement these repairs with careful attention to quality and sustainability and left other necessary instructions.

**100**

## State Administration Council
## Press Release
## Re-invitation to Myanmar citizens who reside in various regions for many reasons

1. Some student youths, State service personnel and citizens evaded to areas of EAOs and foreign countries with worries because of incitements and intimidation of NLD members, extremist followers, unlawful associations and terrorist groups such as CRPH and NUG, incitement of CDM, and the persons and organizations at home and abroad not wishing to restore the peace and stability of the State since after 1 February 2021 when the Tatmadaw assumed the State responsibility.

2. They are further worried about the dictatorship statement and speeches of unlawful association and terrorist group CRPH and NUG, and some relevant persons. As they face no security guarantee and difficulties in socio-economic life in their areas, they wish to return to their native lands.

**3. The State Administration Council will specially ease the restrictions for service personnel, intellectuals and intelligentsia, and the persons from various arenas and citizens who evaded from the country with worries, except the persons who committed murders, robbery, setting fire, mine explosions and intentional attacks on security troops, those who crowded to attack public service personnel and some people, those who destroyed government owned buildings and private owned buildings and those who deeply participated in the CDM activities with providing monetary assistance and other ways.**

4. As those who evaded from their native areas are also citizens, the State Administration Council will arrange their returns from the evaded areas to various parts of Myanmar.

5. As such, the information was released that if those who evaded to various areas, except the persons who committed any kinds of crime, wish to return to their native lands in Myanmar of their own accord due to various worries, the citizens abroad are to contact nearby ward, village, township and district administration bodies and relevant embassies, military attaché offices and consulates in accord with the easing restrictions under the law.

**Information Team**
**State Administration Council**

# Israel says it struck over 80 sites in Tehran, targeting nuclear research facilities

JERUSALEM June 15

Israeli Air Force aircraft struck more than 80 sites across the Iranian capital, Tehran, over the past day, the Israeli military's spokesman, Effie Defrin, said on Sunday, as Israel continued airstrikes across the Islamic Republic for a third consecutive day.

The wave of attacks began at 22:45 on Saturday and continued through Sunday morning. "The aircraft operated via the aerial corridor we paved to the center of Iran," Defrin said in a briefing to reporters, adding that Israeli forces also struck Houthi sites in Yemen.

"We are not stopping our attacks for even a moment," he said.

The targets included the SPND (Organization of Defensive Innovation and Research), a facility in Tehran believed by Israeli and Western intelligence to be involved in nuclear weapons-related research.

The Air Force also targeted facilities for centrifuge production used in uranium enrichment, a research and development center for chemical materials that Israel claims was used to produce raw materials for nuclear weapons, and other laboratories that, according to the military, contained "unique components and projects contributing to the development of nuclear weapons."

Defrin confirmed that the Air Force also struck fuel depots near Tehran.

Since the initial attack early Friday, more than 250 sites have been struck. "Even at this hour, we are continuing to strike dozens more targets in Tehran," Defrin said. "We are deepening the damage to the nuclear program and to military capabilities in order to disrupt and reduce the threat to the Israeli home front."

Since Saturday night, approximately 60 surface-to-surface missiles and dozens of unmanned aerial vehicles were launched by Iran, Defrin said, adding that the strikes killed 10 civilians. A missile launched by Houthi forces in Yemen was intercepted by Israeli aerial defence systems.

The Iranian missile barrages were in retaliation for an Israeli surprise attack early Friday that struck nuclear facilities across Iran. Several nuclear scientists and senior military officials were killed.

According to Iranian figures, at least 78 people were killed on Friday, with dozens more killed on Saturday. It said the fatalities include at least 29 children.

**Xinhua**

# Trump says he, Putin agree "war in Israel-Iran should end"

WASHINGTON June 15

U.S. President Donald Trump said he had a phone call with his Russian counterpart Vladimir Putin on Saturday over the tensions in the Middle East and Russia-Ukraine peace talks, and both of them agreed that "this war in Israel-Iran should end."

"He feels, as do I, this war in Israel-Iran should end," Trump wrote on his social media platform Truth Social, adding that Putin knows Iran "very well."

Trump said he also explained to the Russian president that the Russia-Ukraine conflict "should also end" during the one-hour call.

"We talked at length. Much less time was spent talking about Russia/Ukraine, but that will be for next week," said Trump. "He (Putin) is doing the planned prisoner swaps -- large numbers of prisoners are being exchanged, immediately, from both sides."

Saturday was Trump's 79th birthday. Trump said that Putin wished him a happy birthday during the phone call.

**Xinhua**



# Iran launches third wave of strikes against Israel - State TV



TEHRAN June 15

Iran has been carrying out retaliatory strikes against Israel after the latter had attacked Iran's nuclear facilities as well as residential areas on Friday night.

Rockets are striking Haifa, Tel Aviv, and Ashkelon, according to the state broadcaster IRIB.

On the night of June 13, the Israel Defence Forces (IDF) launched a large-scale operation named "Rising Lion," during which the Israeli Air Force carried out strikes on Iranian military targets and nuclear program facilities.

The Israeli Air Force conducted several waves of attacks in various regions of Iran, including Tehran, where some high-ranking Iranian military officials were killed, among them the Chief of the General Staff of the Iranian Armed Forces and the commander of the Islamic Revolutionary Guard Corps (IRGC), as well as several nuclear scientists. Multiple nuclear sites in the country, including Natanz and Fordow, were also targeted, along with Iranian military positions in various parts of the country.

Iran's Supreme Leader Ayatollah Ali Khamenei, in a message to the nation, called Israel's strikes on Iran a crime and declared that Israel faces a "bitter and dreadful fate."

The Islamic Revolutionary Guard Corps (IRGC) announced that, in response to the Israeli strikes, the Islamic Republic has launched an operation named "True Promise 3.

**Sputnik**

# Iran fires new missiles at Israel

JERUSALEM June 15

A fresh missile attack from Iran activated sirens in multiple areas across Israel on Sunday, the Israeli military said, sending millions to shelters in the afternoon.

There were no immediate reports of injuries or damage.

The Israeli military said "several" missiles were launched from Iran toward Israel, with most of them being intercepted.

"No reports of fallen projectiles were received," it said in a statement.

The attack began at around 4 p.m. local time (1300 GMT), marking the first time the Islamic Republic fired missiles at Israel during daylight since Israel's deadly surprise strike on Iran on Friday, which triggered the current escalation.

Also on Sunday, the body of another victim was recovered from the rubble of a building that sustained a direct missile hit overnight, police said, adding that teams were still searching for three people who remain missing.

According to Israel's state-owned Kan TV News, the death toll from Iran's strikes since Friday has reached 14.

**Xinhua**

# EgyptAir cancels flights to Lebanon, Jordan, Iraq amid regional tensions

CAIRO June 15

Egypt's national carrier EgyptAir announced on Sunday the cancellation of its flights to key airports in Lebanon, Jordan, and Iraq due to escalating tensions in the region.

"Due to current events in the region and out of concern for the safety of its customers, EgyptAir announces the cancellation of its flights to Beirut, Amman, Baghdad, and Erbil airports until the situation in the region stabilizes," the flagship airline said in a statement.

The announcement comes amid heightened tensions following recent military escalations between Israel and Iran, prompting several regional airlines to adjust their operations.

**Xinhua**



Senior General Min Aung Hlaing cordially converses with tree planters.

►► **From Page - 18**

from the atmosphere. Trees are constantly supportive of the ecosystem balancing services through a balanced climate and natural disaster prevention and soil and water conservation.

Forests provide various kinds of forest products, such as wood, fuel, bamboo, rattan, food, medicine and other basic requirements for rural people. Tree-growing and conservation has a lot of benefits as trees help improve soil, water and weather conditions, and provide raw materials and inputs for farming, industry and services industries and other environmental services.

Trees are vital to the regulation and stability of ecosystems, acting as a core component. Hence, they must have a significant role in national development. Global countries are accelerating their forest plantation and conservation activities for the success of UN sustainable goals, sustainability of humans and life, and environmental greening and beautification. The goal under the United Nations Strategic Plan for Forests is to increase global forest area by 3 percent by 2030, which translates to roughly 300 million acres, from the 10 billion acres of forest area in the year 2000.

Myanmar is rich in land, water, and natural resources and biodiversity. Of the ASEAN countries, it has a good forest cover which is the second largest in the region. Myanmar's forest cover was 42.92 percent of its land area in 2015, 42.19 percent in 2020 and 42.15 percent according to the initial report in 2025, showing a slight forest depletion. Since its assumption of the responsibilities, SAC has been prioritizing tree-plantation, forest conservation and management, and the nation sees a significant decrease in annual forest depletion.



SAC member Khun San Lwin waters a sapling.

The goal for national forest cover is set at 50 percent of the country's surface area for a balanced climate and better ecosystem services, and the relevant departments, communities and organizations must take part in realizing it as a national duty.

The State has systematically and effectively carried out rescue and rehabilitation efforts when facing natural disasters, while also prioritizing the prevention of such calamities and nationwide greening initiatives. Protecting, managing, restoring, and expanding forest resources are key long-term national priorities.

From the 2021 monsoon season to the 2024 monsoon season, the State distributed and planted over 90.55 million saplings across the nation. In Nay Pyi Taw, nine tree-planting ceremonies were held under my leadership, resulting in 3,209,703 trees planted, with a 94 percent survival rate (3,032,982 trees). These trees were planted not only in protected forest reserves but also in non-forest areas through community-led monsoon campaigns. To ensure full survival, collective maintenance efforts are urged. This monsoon season, 20.59 million saplings (over 2 feet tall) have already been distributed nationwide for planting.



Vice-Senior General Soe Win waters a sapling.

The State is implementing various greening initiatives, including establishing roadside green belts, planting trees along riverbanks, conducting afforestation along highways and railways, conserving mangrove forests, developing "two

**See Page - 19►►**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# အစ္စရေးနဲ့အီရန်ကြားကို ရုရှားကကြားဝင်ပြီး ပဋိပက္ခတွေကို ပြေလည်စေနိုင်မလား



ရုရှားနိုင်ငံဆိုတာ အရှေ့အလယ်ပိုင်းဒေသမှာ ဆယ်စုနှစ်ပေါင်းများစွာတိုင်အောင် ဟိုဘက်၊ ဒီဘက်မျှတမှုရှိစွာရပ်တည်လာတဲ့ အင်အားကြီးနိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ရုရှားနိုင်ငံဟာ အီရန်နိုင်ငံနဲ့ စီးပွားရေး၊ စစ်ရေးဆက်ဆံမှုကို ပိုမိုခိုင်မာလာအောင် တည်ဆောက်ထားနိုင်သလို အစ္စရေးနိုင်ငံနဲ့ဆိုရင်လည်း နွေးထွေးတဲ့ဆက်ဆံရေးတစ်ခုကို ထူထောင်ထားနိုင်တဲ့ နိုင်ငံတစ်ခုလည်းဖြစ်တာကို တွေ့ရှိရပါတယ်။

အခုသီတင်းပတ်အတွင်း အစ္စရေးက အီရန်အပေါ် တိုက်ခိုက်မှုတွေစတင်လုပ်ဆောင်လာတဲ့အတွက် အီရန်ကလည်း လက်တုံ့ပြန်တိုက်ခိုက်မှုတွေကိုလုပ်ဆောင်လာချိန်မှာ နှစ်နိုင်ငံကြားတင်းမာမှုတွေက စစ်ပွဲကြီးတစ်ပွဲဆီကို ဦးတည်သွားနေတဲ့အခြေအနေဖြစ်ပေါ်နေပါတယ်။ အစ္စရေးက အီရန်ရဲ့နျူကလီးယားဆိုင်ရာအဆောက်အအုံတွေနဲ့ စစ်ရေးပစ်မှတ်တွေကိုပစ်မှတ်ထားတိုက်ခိုက်သလို အီရန်ရဲ့ထိပ်တန်းဗိုလ်ချုပ်ကြီးတွေနဲ့နျူကလီးယားသိပ္ပံပညာရှင်တွေသေဆုံးသွားရတဲ့အတွက် အီရန်ဘက်ကလည်း ဒရုန်းများ၊ ဒုံးကျည်များနဲ့ပြင်းထန်စွာလက်တုံ့ပြန်တိုက်ခိုက်လာတာပါ။

ဒီအချိန်မှာ အင်အားကြီးတစ်နိုင်ငံက ကြားဝင်ပြီး ဖျန်ဖြေပေးမှသာ အခုပြဿနာက ဒီထက်ပိုပြီးမဆိုးလာမှာဖြစ်ပါတယ်။ အင်အားကြီးနိုင်ငံများအနက် အမေရိကန်နိုင်ငံက အစ္စရေးဘက်ကနေပါဝင်နေသလိုရှိပြီး အီရန်ကိုဖိအားပေးနေတဲ့အတွက် သူကတော့ ဘယ်လိုမှကြားဝင်ဖျန်ဖြေပေးနိုင်မှာမဟုတ်ပါဘူး။

ဒီအချိန်မှာ အစ္စရေး၊ အီရန်နှစ်နိုင်ငံစလုံးနဲ့ကောင်းမွန်တဲ့သံတမန်ဆက်ဆံရေးကိုတည်ဆောက်ထားနိုင်တဲ့ ရုရှားနိုင်ငံဟာ လက်ရှိဖြစ်ပွားနေတဲ့ပဋိပက္ခတွေကို ပြေလည်အောင်ဖြေရှင်းပေးနိုင်သူဖြစ်လာလေမလားဆိုတဲ့ မေးခွန်းထွက်ပေါ်လာစေတာဖြစ်ပါတယ်။ လက်ရှိအနေအထားအရတော့ ဒီကိစ္စကိုဖျန်ဖြေပေးနိုင်မယ့်တစ်ခုတည်းသော အင်အားကြီးနိုင်ငံက ရုရှားနိုင်ငံသာဖြစ်တယ်လို့ လေ့လာသူတချို့က တထစ်ချယုံကြည်ထားပါတယ်။

အစ္စရေးနဲ့အီရန်တို့ကြား အပြန်အလှန်တိုက်ခိုက်မှုတွေဖြစ်ပွားပြီးနောက် မကြာခင်မှာပဲ ရုရှားသမ္မတ ဗလာဒီမာပူတင်က အစ္စရေးဝန်ကြီးချုပ်ဘင်ဂျမင်နေတန်ယာဟုနဲ့သာမက အီရန်သမ္မတ မာဆွတ်ပီဇက်ရှကီယန်နဲ့ပါ တယ်လီဖုန်းဆက်ဆွေးနွေးမှုတွေကို လုပ်ဆောင်ထားပါတယ်။ အဲဒီလိုတယ်လီဖုန်းနဲ့ဆွေးနွေးစဉ်မှာ ရုရှားနိုင်ငံအနေနဲ့လိုအပ်လာမယ်ဆိုရင် အစ္စရေးနဲ့အီရန်တို့ကြားတင်းမာမှုများပြေလည်စေရေးအတွက် ကူညီပေးဖို့အသင့်ရှိတယ်လို့ ကမ်းလှမ်းထားတယ်ဆိုပြီး ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ဖော်ပြထားတာတွေ့ရပါတယ်။

ပူတင်က ပီဇက်ရှကီယန်နဲ့ တယ်လီဖုန်းဆက်စကားပြောတဲ့အခါ အစ္စရေးရဲ့တိုက်ခိုက်မှုတွေကို ပြင်းပြင်းထန်ထန်ရှုတ်ချပြီး အီရန်ရဲ့ဆုံးရှုံးမှုအတွက် ဝမ်းနည်းကြောင်း ပြောခဲ့ပါတယ်။ တစ်ချိန်တည်းမှာပဲ အီရန်နျူကလီးယားအစီအစဉ်နဲ့ ပတ်သက်တဲ့အခြေအနေတွေကိုဖြေရှင်းဖို့ ရုရှားဘက်က သီးခြားအဆိုပြုချက်တွေနဲ့လုပ်ဆောင်မယ့်အစီအစဉ်တွေရှိနေတယ်လို့လည်း ပြောခဲ့ပါတယ်။

ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနကလည်း အစ္စရေးရဲ့ တိုက်ခိုက်မှုတွေကို "လုံးဝလက်မခံနိုင်ဘူး"လို့ ပြင်းထန်စွာရှုတ်ချပြီး "ဒီဖြစ်စဉ်ရဲ့အကျိုးဆက်အားလုံးက အစ္စရေးခေါင်းဆောင်တွေအပေါ်ကျရောက်လိမ့်မယ်"လို့ သတိပေးခဲ့ပါတယ်။ ဒါ့အပြင် နှစ်ဖက်စလုံးကို တင်းမာမှုတွေထပ်မတိုးအောင် ထိန်းသိမ်းဖို့နဲ့ ဒေသတစ်ခုလုံး စစ်မက်ဖြစ်ပွားတဲ့အထိ မဖြစ်လာစေရေးရှောင်ရှားဖို့ကိုလည်း တိုက်တွန်းထားပါတယ်။

တစ်ဖက်မှာ ရုရှားက အစ္စရေးရဲ့လုပ်ရပ်တွေကို အပြင်းအထန်ဝေဖန်ထားပေမယ့် ရုရှားနိုင်ငံအနေနဲ့ အီရန်အပေါ် နိုင်ငံရေးအရကလွဲလို့ တခြားဘယ်လိုထောက်ပံ့မှုမှပေးမယ်လို့ ပြောခဲ့တာမရှိပါဘူး။ ဒါတောင်မှ ရုရှားနိုင်ငံက အီရန်နိုင်ငံနဲ့စစ်ဘက်မိတ်ဖက်ဆက်ဆံရေးကိုထူထောင်ထားတာပါ။ သို့သော်လည်း အခုအခြေအနေမှာတော့ ရုရှားက အီရန်ကိုစစ်ရေးအကူအညီတွေပေးနိုင်ဖွယ်မရှိပါဘူး။

ဒီကြားထဲမှာပဲ ပူတင်က အစ္စရေးဝန်ကြီးချုပ်နဲ့ ဖုန်းဆက်ပြီး "အီရန်နျူကလီးယားအစီအစဉ်နဲ့ ပတ်သက်တဲ့ပြဿနာတွေကို နိုင်ငံရေးနဲ့ သံတမန်ရေးနည်းလမ်းတွေနဲ့သာ ဖြေရှင်းဖို့အရေးကြီးတယ်"လို့ ထည့်သွင်းပြောဆိုခဲ့ပါတယ်။ တင်းမာမှုတွေပိုမိုကြီးထွားလာခြင်းမရှိနိုင်စေဖို့ ကြားဝင်ဆောင်ရွက်ပေးမယ်လို့လည်း ပူတင်ကပြောကြောင်း ရုရှားသမ္မတရုံးကထုတ်ပြန်ထားပါတယ်။

ရုရှားဘက်က အီရန်နဲ့ အစ္စရေးခေါင်းဆောင်တွေနဲ့ဆက်သွယ်ပြီး အရှေ့အလယ်ပိုင်းဒေသတစ်ခုလုံးအတွက် အပျက်သဘောဆောင်နိုင်တဲ့ အခြေအနေကိုဖြေရှင်းဖို့ နီးကပ်စွာ ဆက်လက်လုပ်ဆောင်သွားမယ်လို့ သဘောတူခဲ့ကြတယ်လို့လည်း သမ္မတရုံးရဲ့ထုတ်ပြန်ချက်ထဲမှာ ဖြည့်စွက်ဖော်ပြထားပါတယ်။

ရုရှားသမ္မတ ဗလာဒီမာပူတင်နဲ့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့ဟာ ဇွန်လ ၁၄ ရက်က ဖုန်းဆက်ပြီး အရှေ့အလယ်ပိုင်းမှာ ဆက်တိုက်ဆိုသလို ပြင်းထန်လာနေတဲ့ အခြေအနေတွေကို ဆွေးနွေးခဲ့ကြပါသေးတယ်။ ဒီဆွေးနွေးမှုမှာ လက်ရှိပဋိပက္ခတွေကို ရုရှားဘက်ကကြားဝင်စေ့စပ်ပေးဖို့ အဆင်သင့်ရှိနေတဲ့အကြောင်းနဲ့ အီရန်နဲ့အမေရိကန်တို့ကြား နျူကလီးယားအစီအစဉ်ဆိုင်ရာ ဆွေးနွေးညှိနှိုင်းမှုတွေမှာ သဘောတူညီမှုရရှိဖို့ရည်ရွယ်တဲ့ အဆိုပြုချက်တွေကိုပြောပြထားကြောင်း ပူတင်က ထည့်သွင်းပြောဆိုခဲ့တယ်လို့ ရုရှားနိုင်ငံခြားရေးအကြံပေးယူရီယူရှာကော့ကပြောပါတယ်။

ရုရှားနဲ့ အီရန်ဆက်ဆံရေးဟာ စစ်အေးခေတ်မှာ မကြာခဏ တင်းမာခဲ့ပါတယ်။ အဲဒီအချိန်တုန်းက အီရန်က အမေရိကန်ရဲ့မဟာမိတ်ဖြစ်ခဲ့ပြီး ၁၉၇၉ ခုနှစ် အစ္စလာမ်မစ်တော်လှန်ရေးအပြီးမှာတော့ အီရန်ခေါင်းဆောင် အယာတိုလာခိုမေနီက အမေရိကန်ကို စေတန်ကြီး၊ ဆိုဗီယက်ပြည်ထောင်စုကို စေတန်လေးလို့ ဝေဖန်ခဲ့ပါတယ်။

၁၉၉၁ ခုနှစ် ဆိုဗီယက်ပြည်ထောင်စုကြီးပြိုကွဲပြီးနောက်ပိုင်းမှာ ရုရှားနဲ့ အီရန်ဆက်ဆံရေးက မြန်ဆန်စွာပဲနွေးထွေးလာခဲ့ပါတယ်။ အီရန်ဟာ နိုင်ငံတကာရဲ့ ဒဏ်ခတ်ပိတ်ဆို့မှုတွေနဲ့ ရင်ဆိုင်နေရစဉ်မှာ ရုရှားက အရေးပါတဲ့ ကုန်သွယ်ရေးမိတ်ဖက်အဖြစ်သာမက စစ်လက်နက်နဲ့နည်းပညာ အဓိကထောက်ပံ့သူဖြစ်လာခဲ့ပါတယ်။ ရုရှားဟာ အီရန်ရဲ့ ပထမဆုံးနျူကလီးယားဓာတ်ပေါင်းဖိုကို တည်ဆောက်ပေးခဲ့ပြီး ၂၀၁၃ ခုနှစ်မှာ စတင်လည်ပတ်နိုင်ခဲ့ပါတယ်။

၂၀၁၅ ခုနှစ်မှာ အီရန်နဲ့ နျူကလီးယားအင်အားကြီး ခြောက်နိုင်ငံတို့ကြား သဘောတူညီမှုရရှိခဲ့ရာမှာ ရုရှားလည်း ပါဝင်ခဲ့ပါတယ်။ အဲဒီသဘောတူညီမှုအရ အီရန်အပေါ် ဒဏ်ခတ်မှုတွေ လျှော့ချပေးမယ့်အပြင် အီရန်ဘက်က နျူကလီးယားလုပ်ငန်းစဉ်ကို ကန့်သတ်ပြီး နိုင်ငံတကာစောင့်ကြည့်မှုကိုဖွင့်ပေးဖို့ သဘောတူခဲ့ပါတယ်။ ဒေါ်နယ်ထရမ့်က သူ့ရဲ့ပထမအကြိမ်သမ္မတသက်တမ်းမှာ အမေရိကန်ကဒီသဘောတူညီမှုကနေ တစ်ဖက်သတ်နုတ်ထွက်သွားတဲ့အခါမှာလည်း ရုရှားက အီရန်ကိုနိုင်ငံရေးအရ ထောက်ခံမှုပေးခဲ့ပါတယ်။

ရုရှားက အီရန်နဲ့ နီးကပ်တဲ့ ဆက်ဆံရေးရှိပေမယ့် ပူတင်ဟာ အစ္စရေးရဲ့ အကျိုးစီးပွားကို ထည့်သွင်းစဉ်းစားဖို့ အဆင်သင့်ဖြစ်နေတယ်ဆိုတာ ထပ်ခါထပ်ခါပြသခဲ့ပါတယ်။ နေတန်ယာဟုနဲ့ ကိုယ်ရေးကိုယ်တာနွေးထွေးတဲ့ ဆက်ဆံရေးကိုလည်း ပူတင်ကထိန်းသိမ်းထားနိုင်ခဲ့ပါတယ်။ ရုရှားနဲ့ အစ္စရေးတို့က နိုင်ငံရေး၊ စီးပွားရေးနဲ့ ယဉ်ကျေးမှုဆိုင်ရာ နီးကပ်တဲ့ ဆက်ဆံရေးတွေတည်ဆောက်ထားပြီး ဆီးရီးယားကိစ္စလို အနုတ်လက္ခဏာဆောင်တဲ့ အရေးကိစ္စတွေကိုတောင်မှ အတူတကွဖြေရှင်းနိုင်ခဲ့ကြတာပါ။

ရုရှားနိုင်ငံက S-300 လေကြောင်းရန်ကာကွယ်ရေး ဒုံးကျည်စနစ်တွေကို အီရန်ဆီရောင်းချခဲ့ပေမယ့် အခြားလက်နက်တွေပေးဖို့ကိုတော့ အစ္စရေးရဲ့ စိုးရိမ်မှုကို ထည့်သွင်းစဉ်းစားတဲ့အနေနဲ့ ဆိုင်းငံ့ထားခဲ့ပါတယ်။ အထူးသဖြင့် အီရန်က မျှော်မှန်းနေတဲ့ Su-35 တိုက်လေယာဉ်တွေကို ရောင်းချပေးခြင်းမရှိခဲ့တာကိုတွေ့ရပါတယ်။

အခုအချိန်မှာ အစ္စရေးနဲ့ အီရန်နှစ်ဖက်စလုံးနဲ့ ကောင်းမွန်တဲ့ ဆက်ဆံရေးထားရှိခြင်းဟာ ရုရှားကို နှစ်နိုင်ငံစလုံးက ယုံကြည်တဲ့ အင်အားကြီးနိုင်ငံအဖြစ်ရပ်တည်စေနိုင်ပြီး အီရန်နျူကလီးယားအစီအစဉ်နဲ့ ပတ်သက်တဲ့ အနာဂတ်ညှိနှိုင်းမှုတွေမှာ ပါဝင်လာနိုင်တဲ့ အခွင့်အလမ်းတွေကို ဖန်တီးပေးနိုင်လာခြင်းဖြစ်ပါတယ်။

မကြာသေးခင်က အမေရိကန်နဲ့ အီရန်တို့ကြား ဖြစ်နိုင်ခြေရှိတဲ့ သဘောတူညီချက်တစ်ခုထွက်ပေါ်လာစေရေးကို ရုရှားကအဆိုပြုခဲ့တာတွေ့ရပါတယ်။ အဲဒီအဆိုပြုချက်မှာတော့ ရုရှားက အီရန်နိုင်ငံမှ အဆင့်မြင့်သန့်စင်ပြီးသားယူရေနီယံအများအပြားကိုရယူပြီး အရပ်ဘက်သုံးနျူကလီးယားလောင်စာအဖြစ် ပြောင်းလဲပေးနိုင်တယ်လို့ ရုရှားနိုင်ငံဒုတိယနိုင်ငံခြားရေးဝန်ကြီး ဆာဂျီယက်ကော့ကပြောထားပါတယ်။ လက်ရှိဖြစ်ပွားနေတဲ့ ပြဿနာတွေအားလုံးရဲ့အရင်းခံက အီရန်နိုင်ငံဟာယူရေနီယံသန့်စင်မှုကို တိုးမြှင့်လုပ်ဆောင်လာတဲ့အတွက်ဖြစ်တယ်လို့ဆိုနိုင်တာကြောင့် အခုလိုမျိုးအဆိုပြုချက်က သင့်လျော်ကောင်းမွန်တယ်လို့ဆိုနိုင်ပါတယ်။

လက်ရှိအချိန်မှာ အစ္စရေးရဲ့အီရန်အပေါ်တိုက်ခိုက်မှုကြောင့် အမေရိကန်နဲ့အီရန်တို့ကြား နျူကလီးယားအရေးဆွေးနွေးပွဲပျက်စီးသွားသော်ငြား တကယ်လို့များ အဲဒီဆွေးနွေးပွဲပြန်လည်စတင်ဖြစ်ခဲ့ရင် ရုရှားနိုင်ငံရဲ့ကမ်းလှမ်းချက်က နျူကလီးယားသဘောတူညီချက်အတွက် အရေးပါတဲ့အစိတ်အပိုင်းတစ်ခုဖြစ်လာမှာအသေအချာပါပဲ။

ဒါကြောင့် ရုရှားနိုင်ငံသည် လက်ရှိအခြေအနေမှာလည်း အစ္စရေး၊ အီရန်နိုင်ငံတို့နဲ့ ကောင်းမွန်တဲ့ဆက်ဆံရေးကိုတည်ဆောက်ထားနိုင်တဲ့အတွက် သူတို့နှစ်နိုင်ငံကြားတင်းမာမှုများကို ကြားဝင်ဖြေရှင်းပေးနိုင်မယ့် တစ်ခုတည်းသောအင်အားကြီးနိုင်ငံဖြစ်လာစေမယ့်အပြင် အနာဂတ်မှာလည်း အီရန်နျူကလီးယားသဘောတူညီချက်ရရှိစေရေးအတွက် အခြေခံအုတ်မြစ်တစ်ခုကို ဖန်တီးပေးနိုင်မယ့်တစ်ခုတည်းသောနိုင်ငံအဖြစ်တည်ရှိနေတဲ့အကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

**Ref: SCMP**


**ထက်မြတ်**

# နှစ်(၂၅၀)ပြည့် အမေရိကန်တပ်မတော်နေ့စစ်ရေးပြအခမ်းအနားကို ထရမ့်၏အသက် ၇၉ နှစ်ပြည့်မွေးနေ့တွင်ကျင်းပ

**ဝါရှင်တန်၊ ပြည်တွင်းရေး**

နှစ်(၂၅၀)ပြည့် အမေရိကန်တပ်မတော်နေ့အထိမ်းအမှတ်စစ်ရေးပြအခမ်းအနားကို အမေရိကန်သမ္မတဒေါ်နယ်ထရမ့်၏အသက် ၇၉ နှစ်ပြည့်မွေးနေ့ဖြစ်သည့် ဇွန်လ ၁၄ ရက်တွင်ကျင်းပကြောင်းသိရသည်။

အဆိုပါစစ်ရေးပြအခမ်းအနားကို ကွန်စတီကျူးရှင်းရိပ်သာလမ်းတွင်ပြုလုပ်ခြင်းဖြစ်ပြီး စစ်ရေးပြစစ်သည် ၇၀၀၀ ခန့်၊ အောဘရမ်တင့် ၂၅ စီးကျော်၊ စထရိုက်ကာ သံချပ်ကာယာဉ် ၂၈ စီး၊ ပလာဒင်ယာဉ်တင်အမြောက်လေးစီးအပါအဝင် စစ်ယာဉ်စုစုပေါင်း ၁၅၀ တို့က ပါဝင်စစ်ရေးပြခြင်းဖြစ်သည်။




အမေရိကန်နိုင်ငံအနေဖြင့် ယခုကဲ့သို့စစ်အင်အားပြသမှုသည် ရှားပါးသည့်ဖြစ်စဉ်တစ်ခုဖြစ်ပြီး အခြားသောနိုင်ငံများက ၎င်းတို့၏အောင်ပွဲနေ့များကို အထိမ်းအမှတ်များအဖြစ်ကျင်းပလျက်ရှိကြောင်း၊ ယခုအခါ အမေရိကန်၏အလှည့်ကျလာပြီဖြစ်ကြောင်း ထရမ့်ကပြောသည်။

အမေရိကန်နိုင်ငံက နောက်ဆုံးအနေဖြင့် စစ်ရေးပြအခမ်းအနားကျင်းပခဲ့သည်မှာ ၁၉၉၁ ခုနှစ်တွင်ဖြစ်ပြီး ပင်လယ်ကွေ့စစ်ပွဲအပြီးတွင် အောင်ပွဲအထိမ်းအမှတ်အဖြစ်ကျင်းပခြင်းဖြစ်သည်။

ထရမ့်သည် ၎င်း၏ပထမဆုံးအကြိမ်သမ္မတသက်တမ်းကတည်းက ထိုကဲ့သို့သောစစ်ရေးပြအခမ်းအနားကိုကျင်းပရန် စိတ်ဝင်စားခဲ့သူဖြစ်ပြီး ယခုမှသာ စစ်ရေးပြအခမ်းအနားကို ကျင်းပခြင်းဖြစ်သည်။

စစ်ရေးပြအခမ်းအနား ကျင်းပနေစဉ်အတွင်း အမေရိကန်နိုင်ငံတစ်ဝန်းတွင် အစိုးရဆန့်ကျင်သည့် ဆန္ဒပြမှုများစွာဖြစ်ပွားလျက်ရှိကြောင်း၊ လော့အိန်ဂျလိမြို့၌ဖြစ်ပွားသည့် ဆူပူဆန္ဒပြမှုများမှအစပြု၍ ယခုကဲ့သို့စစ်ရေးပြအခမ်းအနားကျင်းပမှုအပေါ် အထူးသဖြင့် ဒီမိုကရက်တစ်ကို လိုလားသောပြည်သူအချို့က ဆန့်ကျင်ဆန္ဒပြနေခြင်းဖြစ်ကြောင်းသိရသည်။

**Ref: RTA**

# ထိုင်းနိုင်ငံနှင့်နယ်နိမိတ်ပြဿနာဖြေရှင်းရေး ကမ္ဘောဒီးယားအစိုးရက အပြည်ပြည်ဆိုင်ရာတရားရုံး၏အကူအညီကိုတောင်းခံ

**ဖနွမ်းပင်၊ ပဋိပက္ခ**

ထိုင်းနိုင်ငံနှင့်ဖြစ်ပွားလျက်ရှိသော နယ်စပ်ရေးရာပြဿနာနှင့်ပတ်သက်၍ဖြေရှင်းနိုင်ရေးအတွက် ကမ္ဘောဒီးယားအစိုးရက အပြည်ပြည်ဆိုင်ရာတရားရုံး၏အကူအညီကိုတောင်းခံထားကြောင်းသိရသည်။




မေလ ၂၈ ရက်တွင် မြတြိဂံဒေသ၌ဖြစ်ပွားသော ထိုင်းတပ်မတော်နှင့် ကမ္ဘောဒီးယားတပ်မတော်တို့ကြား အပြန်အလှန်ပစ်ခတ်မှုအတွင်း ကမ္ဘောဒီးယားစစ်သည်တစ်ဦးသေဆုံးပြီးနောက် နှစ်နိုင်ငံကြားစေ့စပ်ဆွေးနွေးရေးနည်းလမ်းများဖြင့် ပြဿနာကိုဖြေရှင်းရန်ကြိုးပမ်းနေသော်လည်း တင်းမာမှုများမြင့်တက်လာခြင်းဖြစ်သည်။ ထို့ကြောင့် အဆိုပါပြဿနာကိုဖြေရှင်းပေးနိုင်ရေးအတွက် အပြည်ပြည်ဆိုင်ရာတရားရုံးက ကူညီပေးရန်တရားဝင်စာဖြင့်တောင်းဆိုထားသည်ဟု ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်မာနတ်က ဇွန်လ ၁၅ ရက်တွင်ပြောသည်။

ကမ္ဘောဒီးယားနိုင်ငံသည် နယ်စပ်ရေးရာပြဿနာနှင့်ပတ်သက်၍ တရားမျှ မျှတမှုနှင့် ရှင်းလင်းမှုတို့လိုအပ်သည့်အပြင် အနာဂတ်မျိုးဆက်သစ်များအနေဖြင့် ထိုကဲ့သို့သောပြဿနာမျိုးကို ဆက်လက်ကြုံတွေ့ရစေခြင်းမရှိစေရန် အပြည်ပြည်ဆိုင်ရာဥပဒေနှင့်ငြိမ်းချမ်းရေးတို့ကို ရွေးချယ်လိုက်ခြင်းဖြစ်ကြောင်း ဟွန်မာနတ်က လွှမ်းမှုကွန်ရက်တွင်ပြောထားသည်ဟုသိရသည်။

**Ref: AGC**

# အီရန်ကို အစ္စရေးဘက်က စတင်တိုက်ခိုက်မှု SCO က အပြစ်တင်ရှုတ်ချ

**ပေကျင်း၊ ပဋိပက္ခ**

အီရန်နိုင်ငံအပေါ် အစ္စရေးဘက်ကစ၍ တိုက်ခိုက်မှုကို ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SCO) က အပြစ်တင်ရှုတ်ချကြောင်းနှင့် အရှေ့အလယ်ပိုင်းဒေသတွင် တင်းမာမှုများပိုမိုမြင့်တက်လာစေမည့် အခြေအနေနှင့်ပတ်သက်၍ အလွန်စိုးရိမ်ကြောင်း ထုတ်ပြန်ထားသည်။

အစ္စရေး၏တိုက်ခိုက်မှုသည် အီရန်ရှိ အရပ်ဘက်ပစ်မှတ်များအပေါ် ကျရောက်ကြောင်း၊ ယင်းအတွက်ကြောင့် အရပ်သားပြည်သူများစွာ သေဆုံးရကြောင်း၊ ထိုသို့သောလုပ်ရပ်သည် နိုင်ငံတကာဥပဒေနှင့် ကုလသမဂ္ဂပဋိညာဉ်တို့ကို ပြောင်ပြောင်တင်းတင်းချိုးဖောက်ခြင်းဖြစ်ကြောင်းနှင့် အီရန်နိုင်ငံ၏အချုပ်အခြာအာဏာကိုထိပါးစေကာ ဒေသတွင်းနှင့်နိုင်ငံတကာလုံခြုံရေးကိုပျက်စီးစေနိုင်ကြောင်း၊ ထို့မှတစ်ဆင့် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့်တည်ငြိမ်ရေးကိုထိပါးလာစေနိုင်ကြောင်း SCO အဖွဲ့၏ ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

SCO အဖွဲ့ဝင်နိုင်ငံများက အီရန်၏ နျူကလီးယားအစီအစဉ်နှင့် ပတ်သက်၍ ငြိမ်းချမ်းရေး၊ နိုင်ငံရေးနှင့် သံတမန်ရေးနည်းလမ်းတို့ဖြင့်သာ အဖြေရှာသွားရန် အကြံပြုကြောင်းနှင့် အီရန်နိုင်ငံ၏ဆုံးရှုံးမှုများအတွက် စိတ်မကောင်းဖြစ်ကြောင်း ထုတ်ပြန်ထားသည်။

**Ref: SCO News**

# အိန္ဒိယ၌ ရဟတ်ယာဉ်တစ်စင်းပျက်ကျ လူခုနစ်ဦးသေဆုံး

**နယူးဒေလီ၊ မတော်တဆမှု**

အိန္ဒိယနိုင်ငံမြောက်ပိုင်းရှိတောင်တန်းဒေသတစ်ခုဖြစ်သော ဥတ္တရခန်းပြည်နယ်၌ ဇွန်လ ၁၅ ရက်နံနက်အစောပိုင်းတွင် ကိုယ်ပိုင်ရဟတ်ယာဉ်တစ်စင်းပျက်ကျမှုဖြစ်ပွားရာ ကလေးနှစ်ဦး၊ လေယာဉ်မှူးတစ်ဦးနှင့် အမျိုးသားလေးဦးတို့ပါဝင်သည့် လူခုနစ်ဦးသေဆုံးကြောင်း အစိုးရအဖွဲ့တာဝန်ရှိသူတစ်ဦးကပြောသည်။

အဆိုပါရဟတ်ယာဉ်သည် ဟိန္ဒူဘာသာဝင်များ ဘုရားဖူးသွားလေ့ရှိရာနေရာဖြစ်သည့် ကီဒါနက်မှ ၇ ကီလိုမီတာသာကွာဝေးသည့် ဂွတ်ကာရှီသို့ပျံသန်းလာစဉ်ပျက်ကျသွားခြင်းဖြစ်သည်။

ကနဦးတင်ပြချက်များ၊ မျက်မြင်တွေ့ရှိသူများ၏ပြောဆိုချက်များအရ ရဟတ်ယာဉ်ပျက်ကျမှုတွင် အသက်ရှင်ကျန်ရစ်သူမရှိနိုင်တော့ကြောင်းနှင့် ရဟတ်ယာဉ်ပျက်ကျရသည့်အကြောင်းရင်းကို စုံစမ်းစစ်ဆေးသွားမည်ဖြစ်ကြောင်း ပြည်နယ်တာဝန်ရှိသူတစ်ဦးဖြစ်သည့် ဗီနေးရှန်ကာပန်ဒေးကပြောသည်။

အမျိုးသားအဆင့်နှင့် ပြည်နယ်အဆင့်သဘာဝဘေးတုံ့ပြန်ရေးအဖွဲ့များက အခင်းဖြစ်ပွားရာနေရာသို့သွားရောက်၍ ရှာဖွေရေးလုပ်ငန်းများကို ဆောင်ရွက်နေပြီဖြစ်ကြောင်း ၎င်းကဆက်ပြောသည်။

**Ref: Xinhua**

# အစ္စရေး-အီရန် ပဋိပက္ခဆိုင်ရာ သတင်းတိုများ

❐ အစ္စရေးနိုင်ငံက လုပ်ဆောင်လျက်ရှိသည့် အီရန်အပေါ်တိုက်ခိုက်မှုတွင် အမေရိကန်အနေဖြင့် အစ္စရေးဘက်မှပါဝင်ပူးပေါင်းပေးရန် အစ္စရေးတာဝန်ရှိသူများက တောင်းဆိုထားသည်ဟု AXIO သတင်းဌာနကဖော်ပြထားသည်။

❐ အစ္စရေး၏တိုက်ခိုက်မှုနှင့်ပတ်သက်၍ ရေငုံနှုတ်ပိတ်နေလျက်ရှိသည့် အပြည်ပြည်ဆိုင်ရာအဏုမြူစွမ်းအင်အေဂျင်စီနှင့် ပူးပေါင်းဆောင်ရွက်မှုများကို အီရန်ဘက်က ကန့်သတ်သွားမည်ဖြစ်ကြောင်း အီရန်နိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီး ကာဇမ်ဂါရီဘာဘာဒီကပြောသည်ဟု RT သတင်းဌာနကဖော်ပြထားသည်။

❐ အမေရိကန်ပြည်ထောင်စုက ယူကရိန်းနိုင်ငံတွင် ဖြန့်ကြက်အသုံးပြုလျက်ရှိသော ၎င်းတို့၏ လေကြောင်းရန်ကာကွယ်ရေးစနစ်များကို အရှေ့အလယ်ပိုင်းဒေသသို့ ပြောင်းရွှေ့ဖြန့်ကြက်မှုများလုပ်ဆောင်နေကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီး ပိဟက်က ဆက်ပြောထားသည်။

❐ အစ္စရေးလေတပ်သည် အီရန်နိုင်ငံ၏ ကာကွယ်ရေးဝန်ကြီးဌာန၊ စစ်လက်နက်ပစ္စည်းသုတေသနဌာနတို့အပါအဝင် အီရန်နိုင်ငံအတွင်းရှိ စစ်ရေးပစ်မှတ်များစွာကို တိုက်ခိုက်မှုများစွာလုပ်ဆောင်ကြောင်း အစ္စရေးတပ်မတော်က ဇွန်လ ၁၅ ရက်တွင် ထုတ်ပြန်ထားသည်။

❐ ယီမင်နိုင်ငံရှိ ဟူသီအဖွဲ့က အီရန်နိုင်ငံနှင့်ပူးပေါင်းဆောင်ရွက်သည့်အနေဖြင့် ပြီးခဲ့သည့် ၂၄ နာရီအတွင်း အစ္စရေးနိုင်ငံ၏ တဲအဗစ်မြို့ကို အသံနှုန်းလွန်ဒုံးကျည်တစ်စင်းကိုအသုံးပြု၍ တိုက်ခိုက်မှုများစွာလုပ်ဆောင်ခဲ့ကြောင်း ထိုအဖွဲ့၏ ဇွန်လ ၁၅ ရက် ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

❐ အရှေ့အလယ်ပိုင်းဒေသတွင် တင်းမာမှုများမြင့်တက်လာမှုနှင့် ဟော်မုရေလက်ကြားကို အီရန်ကပိတ်ဆို့နိုင်မှုတို့ကြောင့် ရေနံစိမ်းတစ်စည်လျှင် ဒေါ်လာ ၃၀၀ အထိမြင့်တက်လာနိုင်ကြောင်း အီရတ်နိုင်ငံခြားရေးဝန်ကြီး ဖူအက်ဟူစိန်က ဂျာမနီနိုင်ငံခြားရေးဝန်ကြီး ဂျိုဟန်ဝါဒက်ဖူးနှင့်တယ်လီဖုန်းဆက်စကားပြောစဉ် သတိပေးထားသည်။

❐ အီရတ်နိုင်ငံအနေဖြင့် လက်ရှိဖြစ်ပွားနေသော အစ္စရေး-အီရန်ပဋိပက္ခတွင်ပါဝင်ပတ်သက်ခြင်းမပြုရန်နှင့် အီရန်၏နျူကလီးယားအရေးနှင့်ပတ်သက်၍ ပြေလည်မှုရရှိစေရန်တစ်ခုတည်းသောနည်းလမ်းသည် တွေ့ဆုံဆွေးနွေးခြင်းပင်ဖြစ်ကြောင်း တူကီယဲသမ္မတက အီရတ်ဝန်ကြီးချုပ်နှင့် တယ်လီဖုန်းဖြင့် ဆွေးနွေးစဉ်ပြောထားသည်။

❐ အစ္စရေး၏တိုက်ခိုက်မှုအတွင်း အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့မှ အကြီးတန်းတပ်မှူးနောက်ထပ်ရှစ်ဦးသေဆုံးကြောင်း အစောင့်တပ်ဖွဲ့က ထုတ်ပြန်ထားသည်။

**Ref: Xinhua, RT, Sputnik**

# လှည်းကူးမြို့နယ်ရှိ ရုပ်ရှင်မြို့တော်စီမံကိန်းကို ပြည်ထောင်စုဝန်ကြီးဦးမောင်မောင်အုန်း ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇွန် ၁၅**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းတို့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိမြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ဆောင်ရွက်နေသည့် ရုပ်ရှင်မြို့တော်စီမံကိန်းကိုကြည့်ရှုစစ်ဆေးပြီး မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်၍ သစ်ပင်များစိုက်ပျိုးပေးကြသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနာယက ဦးအောင်လွင်၊ ဥက္ကဋ္ဌ ဦးကြည်စိုးထွန်းနှင့်အနုပညာရှင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းချုပ်မှ အမှုဆောင်များ တက်ရောက်ကြသည်။

ဦးစွာ ရုပ်ရှင်မြို့တော်စီမံကိန်း ဆောင်ရွက်မှုဗီဒီယိုမှတ်တမ်းကို ပြသပြီး မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအတွင်းရေးမှူး ဦးဇော်မြင့်ဦးက ရုပ်ရှင်မြို့တော်စီမံကိန်း ဆောင်ရွက်နေမှုနှင့်ဆက်လက်ဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ရုပ်ရှင်မြို့တော်စီမံကိန်းကို စတင်ဆောင်ရွက်ခဲ့သည်မှာ ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် တရားဝင်လုပ်ကိုင်ခွင့်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ရုပ်ရှင်မြို့တော်စီမံကိန်းသည် ရုပ်ရှင်လောကသားများအတွက်သာမက နိုင်ငံတော်နှင့်ပြည်သူများအတွက်ပါ အရေးပါသည်ဟုပြောကြားလိုကြောင်း၊ အဆိုပါစီမံကိန်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအနေဖြင့် အစည်းအရုံး၏ရန်ပုံငွေဖြင့်ဆောင်ရွက်သည့်နည်းလမ်း၊ နိုင်ငံတော်မှလိုအပ်သည့် ရင်းနှီးမတည်ငွေများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ချေးယူဆောင်ရွက်သည့်နည်းလမ်းနှင့် Public–Private –Partnership နည်းလမ်းဆိုသည့် နည်းလမ်းသုံးခုအနက် သင့်လျော်ရာနည်းလမ်းဖြင့် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ယခုစီမံကိန်းအောင်မြင်ပါက ရုပ်ရှင်ရိုက်ကူးရေးလုပ်ငန်းများကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်သာ ဆောင်ရွက်ကြရမည်ဖြစ်သဖြင့် အနုပညာရှင်များအတွက် များစွာအဆင်ပြေလွယ်ကူမည်ဖြစ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတို့ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကြောင့် ရပ်နားခဲ့သော ရုပ်ရှင်ပြသခြင်းလုပ်ငန်းများကို ပြန်လည်ရှင်သန်အောင်ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် ယခုအချိန်တွင်ပုံမှန်အခြေအနေသို့ရောက်ရှိပြီး ရုပ်ရှင်လုပ်ငန်းများလည်ပတ်ဆောင်ရွက်နေပြီဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌက ဆောက်လုပ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနာယက ဦးအောင်လွင်က ဝမ်းမြောက်စကားပြောကြားသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် တက်ရောက်လာသည့် အနုပညာရှင်များ၊ ဝန်ထမ်းများနှင့်အတူ သတ်မှတ်နေရာများတွင် သစ်ပင်များစိုက်ပျိုးပေးခဲ့ကြကြောင်း သိရသည်။ **မြဝတီ**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၆-၆-၂၀၂၅

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၈၅၀ | ၂၉၆၀ | ၂၉၃၀ | ၂၈၆၅ | ၂၉၇၀ | ၂၉၈၅ | ၃၀၀၀ | ၂၉၂၀ | ၄၅၀၅ | ၃၂၁၅ | ၂၉၃၅ | ၂၉၄၀ | ၃၀၁၀ | ၂၉၇၅ | ၂၉၉၅ | ၃၂၅၀ |
| 95 Ron | ၂၉၃၅ | ၃၀၃၀ | ၂၉၉၅ | ၂၉၃၀ | ၃၀၃၅ | ၃၀၅၀ | ၃၀၇၀ | ၂၉၈၅ | ၄၅၆၀ | ၃၂၈၀ | ၃၀၀၅ | ၃၀၀၅ | ၃၀၇၅ | ၃၀၄၀ | ၃၀၆၀ | ၃၃၂၀ |
| HSD (500 ppm) | ၂၄၃၀ | ၂၃၂၅ | ၂၄၉၀ | ၂၄၂၅ | ၂၃၃၀ | ၂၃၄၅ | ၂၃၆၀ | ၂၄၈၀ | - | ၂၇၇၅ | ၂၅၀၀ | ၂၅၀၀ | ၂၅၇၀ | ၂၃၃၅ | ၂၃၃၅ | ၂၈၀၅ |
| HSD (50 ppm) | ၂၉၉၀ | ၃၁၀၅ | ၃၀၇၀ | ၃၀၀၅ | ၃၁၁၀ | ၃၁၂၅ | ၃၁၄၀ | ၃၀၆၀ | ၄၈၃၀ | ၃၃၅၅ | ၃၀၈၀ | ၃၀၈၀ | ၃၁၅၀ | ၃၁၁၅ | ၃၁၃၅ | ၃၃၉၅ |
| HSD (10 ppm) | ၂၉၉၀ | ၃၁၀၅ | ၃၀၇၀ | ၃၀၀၅ | ၃၁၁၀ | ၃၁၂၅ | ၃၁၄၀ | ၃၀၆၀ | - | ၃၃၅၅ | ၃၀၈၀ | ၃၀၈၀ | ၃၁၅၀ | ၃၁၁၅ | ၃၁၃၅ | ၃၃၉၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၈၄ | ၂၇၇၁ |
| 95 Ron | ၂၇၄၉ | ၂၈၃၇ |
| HSD (500 ppm) | ၂၂၅၉ | ၂၃၃၄ |
| HSD (50 ppm) | ၂၈၂၁ | ၂၉၀၇ |
| HSD (10 ppm) | ၂၈၂၁ | ၂၉၀၇ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီ**

## စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ငွေကျပ် ၆၁၁၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဇွန် ၁၅

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းသော စားသုံးဆီများကို သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကိုဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြည်တွင်းလိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်ရေး စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှစားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဇွန်လ ၁၆ ရက်မှ ၂၂ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၆၁၁၀ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရှိရသည်။

ပြည်တွင်းဈေးကွက်အတွင်း အဆိုပါထုတ်ပြန်ကြေညာထားသည့်ဈေးနှုန်းထက် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်တနင်္လာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့်မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရှိရသည်။ **မြဝတီ**

# မိတ္ထီလာမြို့နယ် ပန်းတော်ဆက်ကျေးရွာ၌ မီးခိုးမြူငွေ့နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြော

**မိတ္ထီလာ ဇွန် ၁၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ မီးခိုးမြူငွေ့နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာဗဟုသုတများရရှိစေရန် ရည်ရွယ်၍ အသိပညာပေးဟောပြောပွဲကို ယနေ့တွင် ပန်းတော်ဆက်ကျေးရွာ၌ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးထိုက်က ပတ်ဝန်းကျင်ထိန်းသိမ်းရေးအကြောင်းသိကောင်းစရာ ခေါင်းစဉ်ဖြင့် ဆွေးနွေးပြီး မီးခိုးမြူငွေ့လျှော့ချခြင်း၊ စနစ်တကျအမှိုက်စွန့်ပစ်ခြင်း၊ ပတ်ဝန်းကျင်လေထုညစ်ညမ်းမှု၊ အိမ်တွင်းညစ်ညမ်းမှုများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကူးစက်ရောဂါအမျိုးမျိုးနှင့် ကြိုတင်ကာကွယ်ခြင်းနည်းလမ်းများ၊ ဆောင်ရန်ရှောင်ရန် စသည့် အသိပညာ ဗဟုသုတများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာန၊ သမဝါယမဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက သဘာဝမြေဩဇာပြုလုပ်နည်း၊ စိုက်ပျိုးရေးသုံးပစ္စည်းများကို မီးမရှို့စေရေး၊ မွေးမြူရေးဆိုင်ရာအသိပညာများ၊ ပလတ်စတစ်အိတ်သုံးစွဲမှုလျှော့ချခြင်း၏ အကျိုးကျေးဇူးများ၊ အမှိုက်အမျိုးအစားများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာအသိပညာများကို ဟောပြောဆွေးနွေးပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် ပန်းတော်ဆက်ကျေးရွာ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးကြသည်။

အဆိုပါ မီးခိုးမြူငွေ့နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပန်းတော်ဆက်ကျေးရွာမှ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ကြကြောင်း သိရသည်။ **ချိုသန်းညွန့်(ကျေးလက်)**

# ရန်ကုန်တိုင်းဒေသကြီး လူငယ်စင်တာ၌ လူငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အသိပညာပေးဆွေးနွေး



ရန်ကုန် ဇွန် ၁၅

ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ၏ဦးဆောင်မှုဖြင့် လူငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အသိပညာပေးဆွေးနွေးပွဲအခမ်းအနားကို ဇွန်လ ၁၅ ရက်တွင် သာကေတမြို့နယ်ရှိ ရန်ကုန်တိုင်းဒေသကြီး လူငယ်စင်တာ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်လူငယ်ရေးရာ အထောက်အကူပြုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးဇော်လွင်ဦးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ရန်ကုန်အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာထွန်းက ဦးဆောင်ဆွေးနွေးသူအဖြစ်ပါဝင်ဆောင်ရွက်ပြီး ကျောင်းသား၊ ကျောင်းသူများက လူငယ်နှင့် အားကစား၊ လူငယ်နှင့် မူးယစ်ဆေးဝါး၊ လူငယ်နှင့် ကျန်းမာရေး၊ လူငယ်နှင့်နည်းပညာ စသည့် ခေါင်းစဉ်များဖြင့် အသီးသီးပါဝင်ရှင်းလင်း ဆွေးနွေးကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ဦးဆောင်ဆွေးနွေးသူများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက အသီးသီး ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့သည်။

ဆက်လက်၍ တက်ရောက်လာကြသူများအား မြန်မာ့သိုင်းအဖွဲ့မှ ဖျော်ဖြေတင်ဆက်ခဲ့ပြီး သိပ္ပံနှင့်နည်းပညာကော်မတီမှ AI အကြောင်းနှင့်ယနေ့ခေတ်လူငယ်များအတွက် သိရှိလိုက်နာဆောင်ရွက်ထားသင့်သည့် 5 Quotients နှင့် အလုပ်အကိုင်အခွင့်အလမ်းများအကြောင်းကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများက ဉာဏ်စမ်းမေးခွန်းများကို ဖြေဆိုကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးဌေးအောင်က အမှာစကားပြောကြားပြီး အားကစားနှင့်လူငယ်ရေးရာအထောက်အကူပြုလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါ်တင်တင်လှိုင်က ကော်မတီ၏ လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**နိုင်လင်းအောင်(ပြန်/ဆက်)**

# ရောဝတီတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ယခုဘဏ္ဍာနှစ်တွင် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေးစီမံကိန်းသင်တန်း အခု ၂၀ ဖွင့်လှစ်မည်

ပုသိမ် ဇွန် ၁၅

ရောဝတီတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန အနေဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေးစီမံကိန်းသင်တန်း အခု ၂၀ ဖွင့်လှစ်မည်ဖြစ်ကြောင်း ရောဝတီတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ သိရသည်။

ရောဝတီတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ကျေးလက်နေမိသားစု ဝင်ငွေတိုးရေးစီမံကိန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်က စတင်ဖော်ဆောင်ခဲ့ပြီး ဘဏ္ဍာနှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ ထိုစီမံကိန်းများမှ ဖွင့်လှစ်ပေးခဲ့သောသင်တန်းများတွင် တက်ရောက်ခဲ့ကြသူများအနေဖြင့် ကိုယ်ပိုင်လုပ်ငန်းများ ထူထောင်လုပ်ကိုင်နေကြပြီဖြစ်သည်။

"၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်မှာ ရောဝတီတိုင်းဒေသကြီးအတွင်း ကျေးလက်နေမိသားစု ဝင်ငွေတိုးရေးစီမံကိန်းသင်တန်း အခု ၂၀ ကို ကျေးရွာပေါင်း ၂၀ မှာ ဖွင့်လှစ်မှာဖြစ်ပါတယ်။ သင်တန်းတစ်ခုကို ဘဏ္ဍာငွေ ငွေကျပ်သိန်း ၁၁၀ နဲ့ အကောင်အထည်ဖော်ဆောင်ရွက်မှာဖြစ်ပြီး ကျေးရွာတွေက ဆန္ဒပြုပြီး ဒေသနဲ့ကိုက်ညီတဲ့သင်တန်းတွေကို ဦးစားပေးဖွင့်လှစ်မှာဖြစ်ပါတယ်" ဟု ရောဝတီတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးအောင်ဖြိုးက ပြောသည်။

အဆိုပါ ဖွင့်လှစ်ပို့ချမည့်သင်တန်းများတွင် စက်ချုပ်သင်တန်း၊ စားသောက်ကုန်ထုတ်လုပ်နည်းသင်တန်း၊ လူသုံးကုန်ထုတ်လုပ်နည်းသင်တန်း၊ ဆိုင်ကယ်ပြင်သင်တန်း၊ ဂဟေဆက်သင်တန်း၊ တစ်လုံးထိုးအင်ဂျင်ပြုပြင်နည်းသင်တန်း စသည့်အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများပါဝင်ပြီး ကျေးရွာများက ဆန္ဒပြုသည့် ဒေသနှင့်ကိုက်ညီသောသင်တန်းများကို ဦးစားပေးဖွင့်လှစ်ပေးမည်ဖြစ်သည်။

ထို့ပြင် သင်တန်းပြီးပါက အမှန်တကယ် တစ်နိုင်တစ်ပိုင် ကိုယ်ပိုင်လုပ်ငန်းထူထောင်လုပ်ကိုင်လိုသည့် ထူးချွန်သောသင်တန်းသား၊ သင်တန်းသူများကို အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် ကျေးရွာများမှကော်မတီဝင်များပူးပေါင်း၍ စိစစ်ရွေးချယ်ပြီး သက်ဆိုင်ရာလုပ်ငန်းသုံးပစ္စည်းများ ပံ့ပိုးပေးအပ်ကာ လုပ်ငန်းများစတင်လုပ်ကိုင်နိုင်ရန် ကူညီဆောင်ရွက်ပေးမည်ဖြစ်သည်။

အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေဖြင့် ပြည်တွင်း၌ အသေးစားစက်မှုလက်မှုလုပ်ငန်းများ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပို့ချခြင်းအပြင် အသေးစားစက်မှုလက်မှုလုပ်ငန်းများကို မှတ်ပုံတင်ပေးခြင်း၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများကို ဘေးဥပဒ်ကင်းရှင်းစေရန် ဓာတ်ခွဲစမ်းသပ်ပေးခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဆောင်းဦး**

# မြိတ်မြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါးဧက ၄၁၂၆၀ စိုက်ပျိုးရန်လျာထား

မြိတ် ဇွန် ၁၅

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါးဧက ၄၁၂၆၀ စိုက်ပျိုးရန်လျာထားကြောင်း မြိတ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြိတ်မြို့နယ်အတွင်း ယခုနှစ်တွင် မိုးစပါးဧက ၄၁၂၆၀ ကို လျာထားချက်ပြည့်မီအောင် စိုက်ပျိုးမည်ဖြစ်ပြီး ယခုနှစ် မိုးစပါးစိုက်ပျိုးမှုကို ဇူလိုင်လမှ စက်တင်ဘာလအထိ စိုက်ပျိုးမည်ဖြစ်ကြောင်း၊ မိုးစပါးများကို တောင်သူများ အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရန် နည်းပညာပေးခြင်းလုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"မြိတ်မြို့နယ်မှာ ဒီနှစ် မိုးစပါးဧက ၄၁၂၆၀ စိုက်ပျိုးဖို့ လျာထားဆောင်ရွက်နေပါတယ်။ တောင်သူတွေအနေနဲ့ မျိုးကောင်းမျိုးသန့်အသုံးပြုစိုက်ပျိုးခြင်း၊ သွင်းအားစုတွေဖြစ်တဲ့ ဓာတ်မြေဩဇာနဲ့ သဘာဝမြေဩဇာကိုရောနှောပြီး အချိန်မီအချိုးကျသုံးစွဲခြင်း၊ ပိုးမွှားရောဂါကျရောက်မှုကို ကင်းထောက်ခြင်းအပြင် ပန်းတိုင်အထွက်နှုန်းရရှိအောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုပါတယ်"ဟု မြိတ်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းမြတ်စိုးကပြောသည်။

မိုးစပါးများ ပန်းတိုင်အထွက်နှုန်းရရှိရန် မျိုးစပါးတင်း ၇၅၀ ကို အခမဲ့ပေးအပ်ခဲ့ပြီး မြန်မာ့ရေနံနှင့်ဓာတုဗေဒလုပ်ငန်းမှ ပထမအကြိမ်ခွဲတမ်းရရှိသော ယူရီးယားဓာတ်မြေဩဇာ ၃၄ တန်ကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးခဲ့ပြီးဖြစ်ကြောင်း၊ ထို့ပြင် နောက်ထပ်ရရှိမည့်ခွဲတမ်းများကိုလည်း ဆက်လက်ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

မြိတ်မြို့နယ် သမဝါယမဦးစီးဌာနနှင့်လည်း ပူးပေါင်းဆောင်ရွက်ပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မြိတ်မြို့နယ်ရှိ မိုးစပါးစိုက်ဧက ၁၅၇၄ ဧကအတွက် ပန်းတိုင်အထွက်နှုန်းရရှိရေး ငွေကျပ် ၃၁၄၈ သိန်းနှင့်ညီမျှသော မျိုးစပါးနှင့် သွင်းအားစုများ ပေးအပ်နိုင်ရန် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြိတ်မြို့နယ်အတွင်း GW-11၊ ဆင်းသုခ၊ မနောသုခ၊ ဆင်းသွယ်လတ်၊ ပေါ်ဆန်း၊ ရောမင်းနှင့် တခြားဒေသမျိုးများကိုလည်းစိုက်ပျိုးလျက်ရှိပြီး ပြီးခဲ့သည့်နှစ် မိုးစပါးစိုက်ပျိုးရာသီက မိုးစပါးဧက ၄၁၂၆၀ စိုက်ပျိုးနိုင်ခဲ့ရာ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၇၃ ဒသမ ၇၄ တင်းနှုန်းထွက်ရှိခဲ့ကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

မြဝတီ ကာတွန်း



# ဧရာဝတီမျိုးစေ့ကုမ္ပဏီမှ
# အဲန်ကေ ၆၂၅ ပြောင်းမျိုး အပင်ပေါက်လုပ်ဆောင်မှုများနှင့်ပတ်သက်၍
# အသိပေးကြေညာခြင်း

ဧရာဝတီမျိုးစေ့

ဧရာဝတီမျိုးစေ့ကုမ္ပဏီမှ စပ်မျိုးပြောင်း NK 625 သည် နှစ်စဉ်နှစ်တိုင်း အပင်ပေါက်ရာခိုင်နှုန်းပျမ်းမျှ ၉၅ % သို့မဟုတ် ၉၅ % ထက်မြင့်မားမှုရှိပြီး တောင်သူများယုံကြည်စိတ်ချစွာစိုက်ပျိုးနေသော ပြောင်းမျိုးဖြစ်ပါသည်။ အထွက်ကောင်းခြင်း၊ အပင်ယိုင်လဲမှုခံနိုင်ရည်မြင့်ခြင်းကြောင့်လည်း တောင်သူများမှ နှစ်စဉ်စိုက်ပျိုးနေသောမျိုးဖြစ်ပြီး ဧရာဝတီမျိုးစေ့ကုမ္ပဏီသည် တောင်သူများလက်ဝယ်သို့ ရာသီအချိန်မီဖြန့်ဖြူးနိုင်ရန် အမြဲတမ်းကြိုးပမ်းနေပါသည်။ သို့ရာတွင် လွန်ခဲ့သောနှစ် ပြောင်းမျိုးစေ့များတင်သွင်းရာ၌ အချို့သောကြန့်ကြာမှုများကြောင့် အနည်းငယ်သော NK 625 5kg(Thailand) မျိုးစေ့များတွင် အပင်ပေါက်သက်ရောက်မှုများရှိခဲ့ပြီး သတ်မှတ်ထားသောအပင်ပေါက်ရာခိုင်နှုန်းစံချိန်အောက်ရှိခဲ့ကြောင်း သိရှိခဲ့ရသဖြင့် အောက်ပါဆောင်ရွက်မှုများကိုပြုလုပ်ခဲ့ပါသည်။

- မျိုးစေ့အထုပ်ပေါင်း ၂၅၀ ကျော်မှ မျိုးစေ့များကို ဓာတ်ခွဲခန်းနှင့် ကွင်းစမ်းသပ်မှုများပြုလုပ်ခဲ့ပါသည်။
- အများစုမှာ နိုင်ငံတော်မှသတ်မှတ်ထားသော အပင်ပေါက်ရာခိုင်နှုန်းဖြစ်သည့် ၈၅ % အထက်ရှိကြောင်း တွေ့ရှိရပါသည်။
- အပင်ပေါက်ရာခိုင်နှုန်းစံချိန်မပြည့်မီသော အောက်ပါမျိုးစေ့အထုပ်(သို့) Lots ၉ ခုအား ချက်ချင်းပြန်လည်သိမ်းယူခဲ့ပြီး အပင်ပေါက်ကောင်းသောမျိုးအိတ်များဖြင့် လဲလှယ်ပေးခဲ့ပါသည်။
  NK 625 – 18864541, 18864542, 18864545, 18864547, 18890440, 18855778, 18855781, 18855782, 18916923
- တောင်သူများဆုံးရှုံးမှုအနည်းဆုံးဖြစ်စေရန်အတွက် ကိုယ်စားလှယ်များမှတစ်ဆင့် ငွေအပြည့်ပြန်အမ်းခြင်းနှင့် မျိုးစေ့အိတ်များ အစားထိုးလဲလှယ်ခြင်းများကိုပြုလုပ်ခဲ့ပါသည်။
- လွန်ခဲ့သော(၂)လအတွင်း ကျွန်တော်တို့၏ ကွင်းဆင်းအဖွဲ့များသည် နိုင်ငံတစ်ဝန်းရှိ တောင်သူ ၃၀၀၀ ကျော်၊ မျိုးစေ့ဖြန့်ဖြူးသူ(၃၀)ကျော်နှင့် ကိုယ်တိုင်တွေ့ဆုံကာဖြစ်ပေါ်လျက်ရှိသောကိစ္စအတွက် စိတ်ကျေနပ်မှုရရှိစေရန်ဆောင်ရွက်ခဲ့ပါသည်။
- ကျွန်တော်များအနေဖြင့် ယခုကိစ္စရပ်နှင့်ပတ်သက်ပြီး ဖြန့်ဖြူးထားသောမျိုးစေ့များအတွက် အပြည့်အဝဖြေရှင်းနေပါကြောင်းကိုလည်း အသိပေးပါသည်။

မိမိတွင်ရှိသော NK 625 5kg မျိုးစေ့ထုပ်များကို ပြန်လည်ပေးအပ်လိုပါက ဝယ်ယူခဲ့သောဆိုင်မှတစ်ဆင့်(သို့မဟုတ်)ကုမ္ပဏီထံသို့ တိုက်ရိုက်ဆက်သွယ်နိုင်ပါသည်။ ၅ ကီလိုတစ်အိတ်လျှင် = ၁၆၅,၀၀၀ ကျပ် အပြည့်အဝပြန်လည်ပေးအပ်သွားပါမည်။ မိမိစိုက်ပျိုးထားရှိသည့်မျိုးစေ့များ၏ အပင်ပေါက်နှုန်းနှင့်စပ်လျဉ်း၍ အကြံဉာဏ်ရယူဆွေးနွေးလိုပါကလည်း ကိုယ်စားလှယ်ဆိုင်မှတစ်ဆင့်ဖြစ်စေ၊ ကုမ္ပဏီထံသို့ဖြစ်စေ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တောင်သူများအနေဖြင့် မိမိတို့ဝယ်ယူခဲ့သော ပြောင်းမျိုးစေ့ဈေးနှုန်းနှင့် ကုမ္ပဏီမှပြန်လည်ဝယ်ယူသော ၁၆၅,၀၀၀ ကျပ်ကြား ကွာဟမှုတစ်စုံတစ်ရာရှိပါက မိမိဝယ်ယူခဲ့သောဆိုင်များတွင် ညှိနှိုင်းဆောင်ရွက်ပေးကြပါရန် ပန်ကြားအပ်ပါသည်။

**ဆက်သွယ်ရန်**
- **နီးစပ်ရာကိုယ်စားလှယ်ဆိုင်**
- **ရှမ်း(တောင်)၀၉-၇၅၀၂၁၁၆၈၇**
- **ရှမ်း(မြောက်)၀၉-၇၅၀၂၁၁၆၈၈**
- **info@ayeyarwaddyseeds.com**

ယခုကိစ္စရပ်ဖြစ်စဉ်တစ်လျှောက်လုံးတွင် နားလည်မှု၊ ယုံကြည်မှုဖြင့် ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြသော ကိုယ်စားလှယ်များနှင့် တောင်သူများအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

မြန်မာ့ဩဘာလုပ်ငန်းစု၏ တစ်စိတ်တစ်ပိုင်းဖြစ်သော ဧရာဝတီမျိုးစေ့ကုမ္ပဏီအနေဖြင့် ပွင့်လင်းမြင်သာမှုနှင့်အတူ ကောင်းမွန်သောအရည်အသွေးများဖြင့် မြန်မာ့စိုက်ပျိုးရေးအသိုက်အဝန်း ရေရှည်အောင်မြင်မှုအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

**ယုံကြည်ရသောမျိုးစေ့၊ ထက်မြက်သောစွမ်းဆောင်ရည်**




**ပျောက်ဆုံးကြောင်း**
မရန်ယုန်ဟွေ(ဘ)ဦးရန်ယူမြန်း ၁၃/ကခန(နိုင်) ၁၁၆၂၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 887762)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၀၈၁၄၇၈၄

**သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း**
မိတ္ထီလာမြို့၊ ထီလာဦးရပ်နေ အဘ ဦးမောင်မောင်ကြည်၊ အမိ ဒေါ်မြင့်မြင့် ၉/မထလ(နိုင်)၀၃၁၉၁၇ ၏သား မောင်ပြည့်ဖြိုးအောင် ၉/မထလ(နိုင်)၂၃၁၄၉၃ သည် မိဘဆိုဆုံးမမှုကိုမနာခံဘဲ စိတ်ဆင်းရဲအောင်အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။
(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)။
မိခင် ဒေါ်မြင့်မြင့်

**ပျောက်ဆုံးကြောင်း**
ဟားမြာ(ဘ)ဦးညေးရယ် ၂/လကန(နိုင်) ၁၀၃၆၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၄၅၅၂၉၉၅

**ပျောက်ဆုံးကြောင်း**
ဦးဝင်းခိုင်(ဘ)ဦးသိန်းဖေ ၁၂/အစန(နိုင်) ၁၀၉၅၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၈၈၈၀၀၅၂၄၈

**ပျောက်ဆုံးကြောင်း**
ဇူလိုင်မိုး(ဘ)ဦးလှဌေး ၁၄/ကပန(နိုင်) ၂၃၈၉၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 169957)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၈၈၂၀၄၆၉၀၃

**ပျောက်ဆုံးကြောင်း**
သိမ့်နန္ဒာအောင်(ဘ)ဦးလှညွန့် ၁၄/ဝခမ(နိုင်) ၃၀၈၂၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
သက်စုကျော်(ဘ)ဦးစိန်လှကျော် ၁၃/မတန(နိုင်)၀၂၇၅၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 461736)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၆၉၉၁၂၁၉၈

**ပျောက်ဆုံးကြောင်း**
သီတာအေး(ဘ)ဦးအောင်ထင်း ၁၀/မလမ(နိုင်) ၁၉၈၄၉၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ထွန်းမင်းလတ်(ဘ)ဦးလှမောင် ၉/တသန(နိုင်)၁၈၂၈၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 214654)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
သဲစုနိုင်(ဘ)ဦးလေးလွင် ၇/ဝမန(နိုင်) ၂၀၁၆၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 596546)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**အမည်ပြောင်း**
ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ သန္ဓေပင်ကျေးရွာအုပ်စု၊ သန္ဓေပင်မြောက်ပိုင်း၊ အောင်သုခ(၂)လမ်းနေ အဘ ဦးမိုးအောင်၏သမီး ၁၂/မဘန(နိုင်) ၂၀၁၆၅၉ ကိုင်ဆောင်သူမသဇင်အား မသျှင်ယွန်းမြတ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ မသျှင်ယွန်းမြတ်

**ပျောက်ဆုံးကြောင်း**
စည်သူမင်း(ဘ)ဦးသန်းလွင် ၈/ဂဂန(နိုင်) ၁၂၅၁၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ဝေယံစိုး(ဘ)ဦးဟံဌေး ၉/နထက(နိုင်) ၁၆၁၀၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
အေးနန္ဒာဖြိုး(ဘ)ဦးနိုင်ဦး ၇/ရတရ(နိုင်) ၂၁၀၄၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ဘုန်းမြင့်(ဘ)ဦးမောင်စိန် ၁၂/သလန(နိုင်) ၀၁၈၂၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့၊ အမှတ်(၁)ရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနေ မေသီဦး(ဘ)ဦးအေးဝင်း၁၄/ဘကလ(နိုင်)၀၀၂၁၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၈၆၆၆၄၄၆

**ပျောက်ဆုံးကြောင်း**
လားရှိုးမြို့၊ အမှတ်(၁၂)ရပ်ကွက်၊ နယ်မြေ(၁၉)နေ မသင်းသင်း(ဘ) ဦးလောတဲ ၁၃/လရန(နိုင်)၂၂၁၇၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၈၆၆၆၄၄၆

**ပျောက်ဆုံးကြောင်း**
ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့၊ ခင်ကြီးကျေးရွာနေ ညီညီမင်း(ဘ) ဦးသိန်းအောင် ၇/ကတခ(နိုင်) ၁၉၅၇၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၈၀၁၈၅၈၆

**ပျောက်ဆုံးကြောင်း**
ဇော်ဇော်ထွန်း(ဘ)ဦးညွန့်ဖူး ၅/ခဥန(နိုင်) ၁၄၇၈၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၁၀၀၉၃၆

**ပျောက်ဆုံးကြောင်း**
အေးအေးမြ(ဘ)ဦးလှ ၁၄/မအပ(နိုင်) ၀၅၆၆၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
မေသီရိ(ဘ)ဦးကျော်ဌေး ၉/ပကခ(နိုင်) ၀၅၆၇၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ်(၅၇)(A)နေ မသံသာနှင်းဆက်(ဘ)ဦးလှဝင်း ၁၂/စခန(နိုင်)၀၇၅၉၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 360751)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၈၁၂၉၄၃၂၃

# မန်စီးတီးအသင်းက အသင်းပရိသတ်များ၏ ဆန့်ကျင်ဆန္ဒပြမှုများကြောင့် အသင်းလက်မှတ်စျေးနှုန်းများကို ပြန်လည်လျှော့ချ



မန်ချက်စတာ ဇွန် ၁၅

မန်စီးတီးအသင်းက အသင်းလက်မှတ်စျေးနှုန်းနှင့်ပတ်သက်ပြီး အသင်းပရိသတ်များက ဆန့်ကျင်ဆန္ဒပြမှုများလုပ်ဆောင်ခဲ့သည့်အတွက် အသင်း၏ ပရီးမီးယားလိဂ်ပြိုင်ပွဲ လက်မှတ်စျေးနှုန်းများကို ပြန်လည်လျှော့ချခဲ့ကြောင်း သိရသည်။

မန်စီးတီးအသင်းပရိသတ်များသည် ယခုဘောလုံးရာသီနှောင်းပိုင်းပွဲစဉ်များတွင် အသင်း၏ လက်မှတ်စျေးနှုန်းမြင့်တက်မှုများကို ဆန့်ကျင်ဆန္ဒပြသည့်အနေဖြင့် အသင်းအိမ်ကွင်းပွဲစဉ်များတွင် ပွဲချိန်ပထမပိုင်းကို ဝင်ရောက်မကြည့်ရှုကြဘဲ ဆန္ဒပြမှုများ ဆက်လက်လုပ်ဆောင်ခဲ့ပြီးနောက် မန်စီးတီးအသင်းတာဝန်ရှိသူများက အသင်းပရိသတ်အကြံပေးဘုတ်အဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးမှုများ လုပ်ဆောင်ခဲ့ပြီး လာမည့်ဘောလုံးရာသီတွင် ပရီးမီးယားလိဂ်ပြိုင်ပွဲအတွက် လက်မှတ်စျေးနှုန်းများကို ပြန်လည်လျှော့ချရန် သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။

မန်စီးတီးအသင်းမှ တာဝန်ရှိသူများနှင့် အသင်းပရိသတ်အကြံပေးဘုတ်အဖွဲ့ဝင်များ တွေ့ဆုံဆွေးနွေးမှုများလုပ်ဆောင်ပြီးနောက် လာမည့်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ထိပ်သီးအသင်းများနှင့် ပွဲစဉ်များ၌ ပထမဦးစားပေးလက်မှတ်စျေးနှုန်းကို စတာလင်ပေါင် ၄၀ မှ ၆၀ ကြားသတ်မှတ်ရန်၊ ဒုတိယဦးစားပေးလက်မှတ်စျေးနှုန်းများကို စတာလင်ပေါင် ငါးပေါင်လျှော့ချပေးရန်နှင့် တတိယဦးစားပေးလက်မှတ်စျေးနှုန်းများကို စတာလင်ပေါင် ၁၀ ပေါင်လျှော့ချပေးရန် စသည့်အချက်များ သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။

မန်စီးတီးအသင်းက ပရီးမီးယားလိဂ်ပြိုင်ပွဲအတွက် လက်မှတ်စျေးနှုန်းများကို လျှော့ချခဲ့ပြီးနောက် အသင်း၏အမြင့်ဆုံးလက်မှတ်စျေးနှုန်းများမှာ ပုံမှန်ထက် ၂၅ ရာခိုင်နှုန်းအထိ လျော့ကျလာမည်ဖြစ်ပြီး အနိမ့်ဆုံးလက်မှတ်စျေးနှုန်းများမှာ ၄၃ ရာခိုင်နှုန်းအထိ လျော့ကျလာမည်ဖြစ်သည်။

လက်ရှိတွင် မန်စီးတီးအသင်းက လာမည့်ဘောလုံးရာသီအတွက် ပရီးမီးယားလိဂ်ပြိုင်ပွဲ၏ လက်မှတ်စျေးနှုန်းများကိုသာ အတည်ပြုထုတ်ပြန်ထားပြီး ချန်ပီယံလိဂ်ပြိုင်ပွဲအတွက် လက်မှတ်စျေးနှုန်းများကိုမထုတ်ပြန်သေးဘဲ ချန်ပီယံလိဂ်ပြိုင်ပွဲအတွက် လက်မှတ်စျေးနှုန်းများကိုလည်း ပရီးမီးယားလိဂ်ပြိုင်ပွဲအတွက် လက်မှတ်စျေးနှုန်းများနည်းတူ ယခုဘောလုံးရာသီထက် လျှော့ချသတ်မှတ်ဖွယ်ရှိနေကြောင်း သိရသည်။

*Ref;Fotmob*

# အက်သလက်တီကိုအသင်းက လီဗာပူးအသင်းမှ ရော်ဘတ်ဆန်ကို ခေါ်ယူရန် ကြိုးပမ်းနေ

မက်ဒရစ် ဇွန် ၁၅

အက်သလက်တီကိုအသင်းက လီဗာပူးအသင်းနှင့်အနာဂတ်မရေမရာဖြစ်နေသည့် တောင်ပံခံစစ်ကစားသမား ရော်ဘတ်ဆန်ကိုခေါ်ယူရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

အသက် ၃၃ နှစ်အရွယ် ရော်ဘတ်ဆန်သည် ၂၀၁၇ ခုနှစ်က ဟူးလ်စီးတီးအသင်းမှ လီဗာပူးအသင်းသို့ ပြောင်းရွှေ့ကစားပြီးနောက် ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့သော်လည်း ယခုဘောလုံးရာသီတွင် နည်းပြအာနီဆလော့လက်အောက်၌ ပွဲကစားခွင့်နည်းပါးလာခဲ့ခြင်းဖြစ်သည်။

နည်းပြ အာနီဆလော့က အသင်းတောင်ပံခံစစ်နေရာတွင် ရော်ဘတ်ဆန်ထက် လူငယ်ကစားသမားများကို ဦးစားပေးလိုနေသည့်အတွက် ရော်ဘတ်ဆန်အနေဖြင့် ပွဲကစားခွင့်များ နည်းပါးလာနိုင်သောကြောင့် လက်ရှိနွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာရန် ပြင်ဆင်နေခြင်းဖြစ်သည်။

အက်သလက်တီကိုအသင်းကလည်း လိုအပ်ချက်များရှိနေသည့် အသင်းတောင်ပံခံစစ်နေရာအတွက် ရော်ဘတ်ဆန်ကိုခေါ်ယူရန် ကြိုးပမ်းနေကြောင်း သိရသည်။

*Ref;Fabrizio Romano*

# ရီးယဲလ်မက်ဒရစ်အသင်းက ခံစစ်ကစားသမား ရာအူးအဆန်စီယိုကို ၂၀၃၁ ခုနှစ်အထိ သက်တမ်းတိုးစာချုပ်ချုပ်ဆို

မက်ဒရစ် ဇွန် ၁၅

ရီးယဲလ်မက်ဒရစ်အသင်းက လူငယ်ခံစစ်ကစားသမား ရာအူးအဆန်စီယိုကို ၂၀၃၁ ခုနှစ်အထိ သက်တမ်းတိုးစာချုပ်ချုပ်ဆိုခဲ့ကြောင်း သိရသည်။

အသက် ၂၂ နှစ်အရွယ် ရာအူးအဆန်စီယိုသည် ရီးယဲလ်မက်ဒရစ်အသင်း အကယ်ဒမီထွက် ကစားသမားတစ်ဦးဖြစ်ပြီး ၂၀၁၄ ခုနှစ်က အသင်းကြီးနှင့် စတင်ပူးပေါင်းခဲ့ကာ ရာသီအစပိုင်းက ပွဲကစားခွင့် မရရှိခဲ့သော်လည်း အသင်းဗဟိုခံစစ်နေရာ၌ မီလီတာအို၊ အလာဘာနှင့် ရူဒီဂါတို့ဒဏ်ရာရရှိနေချိန်တွင် စတင်ပါဝင်ကစားခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

ရာအူးအဆန်စီယိုသည် ပါဝင်ကစားခွင့်ရရှိခဲ့သည့် ပွဲစဉ်တိုင်းတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ပြီးနောက် ယခုဘောလုံးရာသီ ရီးယဲလ်မက်ဒရစ်အသင်း ဗဟိုခံစစ်နေရာ၌ အဓိက ကစားသမားတစ်ဦးအဖြစ် ပါဝင်ခဲ့သူဖြစ်သည်။

အစောပိုင်းက ရီးယဲလ်မက်ဒရစ်အသင်းနှင့် ရာအူးအဆန်စီယိုတို့၏ စာချုပ်သက်တမ်းမှာ တစ်နှစ်သာကျန်ရှိနေပြီး ယခုဘောလုံးရာသီတွင် အသင်းနှင့်အတူ ပြသနိုင်ခဲ့သည့်ခြေစွမ်းများကြောင့် ရာအူးအဆန်စီယိုကို ခေါ်ယူလိုနေသည့်အသင်းများ ရှိလာခဲ့သည့်အတွက် ရီးယဲလ်မက်ဒရစ်အသင်းက လက်မလွှတ်လိုသောကြောင့် သက်တမ်းတိုးစာချုပ်အတွက် ဆွေးနွေးမှုများလုပ်ဆောင်ခဲ့ရာမှ ၂၀၃၁ ခုနှစ်အထိ သက်တမ်းတိုးစာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

ရာအူးအဆန်စီယိုသည် ယခုဘောလုံးရာသီတွင် အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၄၂ ပွဲအထိ ပါဝင်ကစားပေးခဲ့ပြီး နှစ်ဂိုးသွင်းယူနိုင်ခဲ့ကြောင်း သိရသည်။

*Ref;Fabrizio Romano*



# မြင့်မားသည့်ပြောင်းရွှေ့ကြေးတစ်ရပ်ကြောင့် မန်ယူအသင်းမှ ဂါနာချိုအား ခေါ်ယူမည့်အစီအစဉ်ကို လေဗာကူဆင်အသင်း ဖျက်သိမ်းခဲ့

မန်ချက်စတာ ဇွန် ၁၅

လေဗာကူဆင်အသင်းက နည်းပြသစ်အဖြစ် တန်ဟတ်ကိုခန့်အပ်ပြီးနောက် မန်ယူအသင်းမှ လူငယ်တောင်ပံတိုက်စစ်ကစားသမား ဂါနာချိုကို ခေါ်ယူရန်ကြိုးပမ်းခဲ့သော်လည်း မြင့်မားသည့်ပြောင်းရွှေ့ကြေးတစ်ရပ်ကြောင့် ခေါ်ယူမည့်အစီအစဉ်ကို ဖျက်သိမ်းခဲ့ကြောင်း သိရသည်။

အသက် ၂၀ အရွယ် ဂါနာချိုသည် ၂၀၂၂ ခုနှစ်မှ စတင်ပြီး မန်ယူအသင်းကြီးနှင့်ပူးပေါင်းခဲ့ပြီးနောက် လက်ရှိ လေဗာကူဆင်အသင်းနည်းပြ တန်ဟတ်လက်အောက်တွင် မန်ယူအသင်း၌ အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့သော်လည်း ယခုဘောလုံးရာသီတွင် အသင်းနှင့်အတူ ခြေစွမ်းပြနိုင်ရန် ရုန်းကန်ခဲ့ရပြီးနောက် ဝေဖန်မှုများနှင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။

လေဗာကူဆင်အသင်းနည်းပြ တန်ဟတ်ကလည်း မန်ယူအသင်းတွင် လက်တွဲခဲ့ဖူးပြီး ပုံစံကောင်းများပြသနိုင်ခဲ့သည့် ဂါနာချိုကို လေဗာကူဆင်အသင်းထံခေါ်ယူလိုနေသည့်အတွက် လေဗာကူဆင်အသင်းကလည်း ခေါ်ယူရန် ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။

ဂါနာချိုကိုယ်တိုင်က လက်ရှိနွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းမှ ထွက်ခွာမည်ဟု အတည်ပြုခဲ့ပြီးနောက် မန်ယူအသင်းကလည်း ဂါနာချိုထွက်ခွာလိုပါက ခွင့်ပြုပေးမည်ဖြစ်သော်လည်း ပြောင်းရွှေ့ကြေးကို မြင့်မားသည့်ပြောင်းရွှေ့ကြေးတစ်ရပ်ဖြစ်သော စတာလင်ပေါင် သန်း ၇၀ အထိ သတ်မှတ်ထားသည့်အတွက် လေဗာကူဆင်အသင်းက ခေါ်ယူမည့်အစီအစဉ်ကို ဖျက်သိမ်းခဲ့ခြင်းဖြစ်သည်။

လေဗာကူဆင်အသင်းသည် အသင်းမှ လူငယ်ကွင်းလယ်ကစားသမား ဖလိုရီယန်ဝက်ဇ်ကို လီဗာပူးအသင်းထံ စံချိန်တင်ပြောင်းရွှေ့ကြေးတစ်ရပ်ဖြင့် ရောင်းချခဲ့ပြီးနောက် ဂါနာချိုအားခေါ်ယူမည့်အစီအစဉ်ကို ဖျက်သိမ်းခဲ့သော်လည်း ဘုန်းမောက်အသင်းမှ ကလွိုက်ဗက်ကိုခေါ်ယူရန် ဆက်လက်ကြိုးပမ်းနေကြောင်း သိရသည်။

*Ref;Goal.com*

# ဆန်စပါးသုတေသနဌာနစု၌ တောင်သူပူးပေါင်းပါဝင်သော သားဆက်လိုင်းများ မွေးမြူရွေးချယ်ကွင်းပြပွဲကျင်းပ



နေပြည်တော် ဇွန် ၁၅

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ တင်ထွဋ်သည် ယနေ့ နံနက်ပိုင်းတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဆန်စပါးသုတေသနဌာနစု၌ကျင်းပသည့် တောင်သူပူးပေါင်းပါဝင်သော သားဆက်လိုင်းများ မွေးမြူရွေးချယ်ခြင်းကွင်းပြပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

မျိုးရွေးချယ်ပွဲသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိ၊ ဇမ္ဗူသီရိနှင့် ပုဗ္ဗသီရိမြို့နယ်တို့မှ သက်ဆိုင်ရာ မြို့နယ်ဦးစီးမှူး၊ ပညာပေးဝန်ထမ်းများနှင့် ဒေသခံတောင်သူများတက်ရောက်ကြသည်။

ပြပွဲတွင် စပါးသားဆက်လိုင်းများဖြစ်သည့် (ပြည့်ဝ x ရောမင်း)၊ (ကျော်ဇေယျ x ရတနာတိုး)၊ (ပြည့်ဝ x ရွှေအာဆီယံ)၊ (ကျော်ဇေယျ x ရတနာတိုး)၊ (ပြည့်ဝ x ဘာစမာတီ)၊ (ပြည့်ဝ x လုံးသွယ်မွှေး)၊ (ပြည့်ဝ x ရွှေအာဆီယံ)စသည့် မိဘလိုင်းအစုံ မျိုးလိုင်းများကို တောင်သူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြပြီး မွေးမြူထားသော မျိုးလိုင်းများ၏ အရည်အသွေး၊ စားသုံးမှုအရည်အသွေးတို့ကို စမ်းသပ်ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်၊ ပါမောက္ခများ၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စီးပွားပညာဌာနမှ ဆရာ၊ဆရာမများနှင့်တွေ့ဆုံ၍ စပါးအထွက်နှုန်းကွာခြားချက်များ ဆန်းစစ်လေ့လာရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ဂေဟစနစ်အလိုက် စံအထွက်နှုန်းများရရှိရေးဆောင်ရွက်ရန် စစ်တမ်းကောက်ယူရေး မွမ်းမံသင်တန်းများပေးရန်ဆွေးနွေးမှာကြားကြောင်းသိရသည်။ မြဝတီ

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။


၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၅°C | / | ၃၁°C |
| ရန်ကုန် | ၂၅°C | / | ၂၉°C |
| မန္တလေး | ၂၆°C | / | ၃၄°C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့


# တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ




မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။




မြန်မာ့စက်မှုဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။



ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

နေပြည်တော် ဇွန် ၁၅

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**ဇွန်လ ၁၃ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ သာမညမှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့်မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Dong Feng Tractor Head (၁)စီးနှင့် နောက်တွဲယာဉ်(၁)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀၀)ကို လည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ (၂)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့်လုပ်ငန်းသုံးပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၉၂၀၀၀၀၀)ကိုလည်းကောင်း **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၁၂၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ်၊ ရဲသာယာယီယာဉ်စစ်ကွင်း၌ မော်တော်ယာဉ်(၁)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Hino Ranger Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**ဇွန်လ ၁၄ ရက်**တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့၊ အေးရိပ်ငြိမ်ရပ်ကွက်၊ ရန်ကြီးအောင်လမ်းရှိဂိုဒေါင် (၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၃)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၇၅၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဟန်မြင့်မိုရ် – ရွာငံလမ်း၊ ဆင်ခေါင်းတောင်အနီး၌ ချင်းရွှေဟော်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် (၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၇)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၃၀၇၉၅၂၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Cheng Long Tractor Head (၁)စီး၊ Mitsubishi Fuso Tractor Head (၁)စီးနှင့် နောက်တွဲယာဉ် (၂)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၉၀၀၀၀၀၀)ကိုလည်းကောင်း၊ ရတနာပုံတံတား(မန္တလေး)စစ်ဆေးရေးဂိတ်၌ မုံရွာမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၁၆၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Canter Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၀၀၀၀၀)ကိုလည်းကောင်း **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၁၀၉၅၅၂၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**ဇွန်လ ၁၄ ရက်**တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ်(၁၂)စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၄၉)စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇွန်လ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၁၆)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂၄၀၄၅၅၂၀)**ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှသိရသည်။ **မြဝတီ**

# မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၌ PDF အမည်ခံအကြမ်းဖက်အဖွဲ့က Grade -12 တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုကြမည့် ကျောင်းသားများ၏မိဘများအား ခြိမ်းခြောက်ခြင်းများလုပ်ဆောင်

နေပြည်တော် ဇွန် ၁၅

လက်နက်ကိုင်အကြမ်းဖက်အဖွဲ့များသည် နိုင်ငံ့မျိုးဆက်သစ်ကလေးငယ်များ၏ပညာရေး တိုးတက်မြင့်မားစေရန် အခြေခံပညာစာသင်ကျောင်းများ ဖွင့်လှစ်သင်ကြားနေမှုအား နှောင့်ယှက်ဖျက်ဆီးလိုသည့် ရည်ရွယ်ချက်ဖြင့် ကျောင်းသုံးပုံနှိပ်စာအုပ်များနှင့် စာရေးကိရိယာများအား လုယက်ယူဆောင်ဖျက်ဆီးခြင်း၊ ပညာရေးဝန်ထမ်းများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား၊ ကျောင်းသူများအား ခြိမ်းခြောက်စာများပေးပို့ခြင်း၊ ခြိမ်းခြောက်ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ ပညာရေးဆိုင်ရာအဆောက်အအုံများအား မိုင်းထောင်ဖောက်ခွဲခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၄ ရက်နေ့ နံနက် ၉ နာရီခန့်တွင် မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ အမှတ်(၁) ရပ်ကွက်၊ သီရိမင်္ဂလာရပ်၌ Grade–12 တက္ကသိုလ်ဝင်စာမေးပွဲအား ပြန်လည်ဖြေဆိုရန် ရောက်ရှိတည်းခိုနေသည့် ညောင်ဦးမြို့နယ်၊ ကုလားတဲကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ ကျောင်းသား၊ ကျောင်းသူ ၉ ဦးအနက် မခင်သက်ထား၊ မဂျူးဂျူးစုလှိုင်၊ မတိုးအိဝေ၊ မယမင်းသူ၊ မမြမြသက်၊ မောင်ချမ်းမြေ့အောင်တို့ ၆ ဦးတို့၏ မိဘများအား PDF အကြမ်းဖက်အဖွဲ့က ခြိမ်းခြောက်ခဲ့သဖြင့် ကျောင်းသားမိဘများက ၎င်းတို့၏သား၊ သမီးများအား တည်းခိုသည့်နေရာမှ ပြန်လည်ခေါ်ဆောင်သွားကြောင်းနှင့် ကျန်ရှိသည့် မောင်အာကာချမ်းမြေ့ကျော်၊ မောင်ထွန်းနိုင်လင်းနှင့် မောင်တင်ဦးလှိုင်တို့ ၃ ဦးအား ၎င်းတို့၏မိဘများက လာရောက်ခေါ်ဆောင်မည်ဖြစ်ကြောင်းသိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်း၍ ကျောင်းသား၊ ကျောင်းသူများ စာမေးပွဲပြန်လည်ဖြေဆိုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

အထက်ပါဖြစ်စဉ်မှ ကျောင်းသားမိဘများအား ခြိမ်းခြောက်ခြင်းများ လုပ်ဆောင်ခဲ့သည့် အကြမ်းဖက်သမားများအား ဖမ်းဆီးအရေးယူနိုင်ရေးနှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

# ဇမ္ဗူသီရိမြို့နယ်၌ လျှပ်စစ်မီးကြိုးများဖြတ်တောက်ခိုးယူသူ အမျိုးသား ၂ ဦးအား ဖမ်းဆီးအရေးယူထား



ဇမ္ဗူသီရိမြို့နယ်၌ လျှပ်စစ်မီးကြိုးများ ဖြတ်တောက်ခိုးယူသူ အမျိုးသား ၂ ဦးအား ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ။

နေပြည်တော် ဇွန် ၁၅

နေပြည်တော် ပြည်ထောင်စုနယ်မြေ၊ ဇမ္ဗူသီရိမြို့နယ်၌ ဇွန်လ ၁၄ ရက်နေ့က လျှပ်စစ်မီးကြိုးများ ဖြတ်တောက်ခိုးယူသူ အမျိုးသား ၂ ဦးအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန်လ ၁၄ ရက်နေ့ ညနေ ၃ နာရီအချိန်တွင် ဇမ္ဗူသီရိမြို့နယ်၊ အမှတ်(၅) နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက နယ်မြေအတွင်း လှည့်ကင်းဆောင်ရွက်စဉ် ပညာသိဒ္ဓိရပ်ကွက်အရှေ့ဘက်၌ လူနေထိုင်ခြင်းမရှိသည့် တိုက်အမှတ်(၂၇)ပေါ်မှ အသံကြားရ၍ တက်ရောက်စစ်ဆေးခဲ့ရာ လျှပ်စစ်မီးကြိုးများ ဖြတ်တောက်ခိုးယူနေသည့် ဥတ္တရသီရိမြို့နယ်၊ ငန်းစပ်ကျေးရွာနေသူများဖြစ်ကြသည့် ဇော်ဇော်အောင်(၃၉)နှစ်နှင့် ထက်လင်းကို(၂၅)နှစ်တို့ ၂ ဦးအား လျှပ်စစ်မီးကြိုး ၁၁ ပိဿာခန့်နှင့် လျှပ်စစ်မီးကြိုးဖြတ်တောက်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့ ၂ ဦးအား ဇမ္ဗူသီရိမြို့နယ်၊ အမှတ်(၅)နယ်မြေရဲစခန်း (ပ)၁၉/၂၀၂၅၊ ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးအက်ဥပဒေပုဒ်မ ၆(၁)ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

(ရဲပြန်ကြား)

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဇွန် ၁၅

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၄ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Than Tun” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရခိုင်ပြည်နယ်၊ မင်းပြားမြို့နယ်၊ င/ရမကျေးရွာနေ သန်းထွန်းအား ည ၆ နာရီ ၅၀ မိနစ်တွင်လည်းကောင်း၊ “Khine Phyo Khant” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မင်းပြားမြို့နယ်၊ မင်းဖူးကျေးရွာနေ ခိုင်ဖြိုးခန့်(ခ) အငိုသန်အား ည ၇ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

■ ကျောဖုံးမှအဆက်

(၄၂)နှစ်သည် ကျောင်းဝင်းအတွင်းရှိ ဝန်ထမ်းလိုင်းခန်း၌ ခင်ပွန်းဖြစ်သူ ဦးဇော်လတ် (၄၅)နှစ်၊ ညီမဖြစ်သူ မရွှေရည်ဝင်း (၁၉)နှစ်တို့နှင့်အတူရှိနေစဉ် PDF အမည်ခံအကြမ်းဖက်သမား ၇ ဦးက ဆိုင်ကယ် ၄ စီးဖြင့်ရောက်ရှိလာပြီး ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များကို ထောက်ခံအားပေးမှုမရှိသည့်အတွက် ကျောင်းအုပ်ဆရာမကြီး ဒေါ်နီလာဝင်းနှင့်ဦးဇော်လတ်တို့ ၂ ဦးအား ဝန်ထမ်းလိုင်းခန်းအတွင်းမှ ဆွဲခေါ်ကာ လိုင်းခန်းရှေ့မြေကွက်လပ်၌ ရက်စက်စွာပစ်ခတ်သတ်ဖြတ်ခဲ့ရာ ရရှိ



ကျောင်းအုပ်ဆရာမကြီး ဒေါ်နီလာဝင်း(သေဆုံး)



ဦးဇော်လတ်(သေဆုံး)

ဒဏ်ရာများဖြင့်သေဆုံးခဲ့ကြောင်း သိရှိရသည်။

အလားတူ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ အမှတ်(၃)ရပ်ကွက်ရှိအမှတ် (၁၇)အခြေခံပညာမူလတန်းလွန်ကျောင်းမှ လက်ထောက်မူလတန်းပြဆရာမ ဒေါ်ဇင်မီလှိုင် (၂၈)နှစ်သည် ၎င်း၏နေအိမ်၌ရှိနေစဉ် ဇွန်လ ၁၄ ရက်နေ့ နံနက် ၁၁ နာရီ ၂၀ မိနစ်ခန့်တွင် PDF အမည်ခံအကြမ်းဖက်သမား ၅ ဦးက သေနတ်များကိုင်ဆောင်ကာ ဆိုင်ကယ် ၅ စီးဖြင့်ရောက်ရှိလာပြီး ဒေါ်ဇင်မီလှိုင်အား လက်နောက်ပြန်ကြိုးတုပ်၍ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သိရသည်၊

အထက်ပါဖြစ်စဉ်များမှ နိုင်ငံ့ဝန်ထမ်းကောင်း ကျောင်းအုပ်ဆရာမကြီးနှင့် ခင်ပွန်းဖြစ်သူတို့အား ရက်စက်စွာသတ်ဖြတ်ခဲ့သူများနှင့် ကျောင်းဆရာမ ၁ ဦးအား ဖမ်းဆီးခေါ်ဆောင်သွားသည့် PDF အမည်ခံအစွန်းရောက် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

**ပျောက်ဆုံးကြောင်း**
နန်းငင်းမိုး(ဘ)ဦးစိုင်းဗု ၁၃/ဆဆန(နိုင်)၁၅၃၅၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 276548)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၃၀၈၈၂၂၄

**ပျောက်ဆုံးကြောင်း**
သီတာခိုင်(ဘ)ဦးမြင့်ဦး ၁/မကန(နိုင်)၁၇၃၂၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၃၀၈၈၂၂၄

**ပျောက်ဆုံးကြောင်း**
တင်တင်စန်း(ဘ)ပေါ်ထွန်း ၁၂/ဥကမ(နိုင်)၁၂၆၄၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၃၀၈၈၂၂၄

**ပျောက်ဆုံးကြောင်း**
မြတ်စိုး(ဘ)ဦးလှရွှေ ၁၂/သဃက(ဧည့်)၀၀၀၁၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၃၀၈၈၂၂၄

**ပျောက်ဆုံးကြောင်း**
မောင်မီးအေး(ဘ)ဦးအောက်စောင်ဝူ ၁၃/ကလတ(နိုင်)၀၄၉၆၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 762301)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၃၀၈၈၂၂၄

**ပျောက်ဆုံးကြောင်း**
မောင်အောင်ပီး(ဘ)ဦးအိုက်မှုံ ၁၃/နမတ(နိုင်)၀၅၂၈၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၁၂၉၄၃၂၃

**ပျောက်ဆုံးကြောင်း**
ကောင်းခန့်ကျော်(ဘ)ဦးညွန့်ဦး ၇/ဖမန(နိုင်)၂၅၉၉၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၈၉၅၅၆၃၄၃၉

**ပျောက်ဆုံးကြောင်း**
သက်နိုင်ဦး(ဘ)ဦးစိုင်းပွန်ဦး ၁၃/နခတ(နိုင်)၁၀၆၁၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၈၉၅၅၆၃၄၃၉

**ပျောက်ဆုံးကြောင်း**
သဥ္ဇာစိုး(ဘ)ဦးစံလှခိုင် ၁၃/ကမန(နိုင်)၁၃၉၈၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၈၉၅၅၆၃၄၃၉



LPM
LANN PYI MARINE
COMPANY LIMITED
AVAILABLE SERVICES
Inland Container Depot
Warehouse Service
Customs Freight Station Service
Trucking Service
Logistic Service
Multi-modal Transportation Services
No. 55/61, Strand Road, Botahtaung Township, Yangon, Myanmar.
Tel. 01 8372879, 8373013 Fax. 095 1 8373011
Email. lannpyi.hq@lpm-myanmar.com, lannpyi.icd@lpm-myanmar.com




Smart
GENTLEMEN FASHION
Ph : 033-60337~8 , 09-5022324
Fax : 033-60339
E-mail : mehlgarment.pol@gmail.com
Facebook : Smart Smart
Viber : +95-9777585772
Address : Pyin Oo Lwin




“အေးမြကြည်လင် စိတ်ပျော်ရွှင် ကျန်းမာလန်းဆန်း နေပြည်တော်သောက်ရေသန့်အစွမ်း”
NAY PYI TAW
နေပြည်တော်သောက်ရေသန့်စက်ရုံ
ရာဇဌာနီလမ်းမကြီး၊ ပုဗ္ဗသီရိမြို့နယ်၊
ဖုန်း - ၀၉ ၆၇၀၇၀၀၀၀၁၊ ၀၉ ၆၆၆၁၁၈၆၄၆
STARMART Nay Pyi Taw
ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊
ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊
ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄




အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊
ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .
‘ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ’
DAGON
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

❖ **အနာဂတ်၏အင်အားများဖြစ်သည့် လူငယ်များကို ကိုယ်ရည်ကိုယ်သွေး၊ ကိုယ်စွမ်းကိုယ်စများ မြှင့်တင်ပေးရမည်ဖြစ်...**

❖ **ယင်းအတွက်လိုအပ်သည့်အာဟာရမှာ စာပေ လေ့လာဖတ်ရှုခြင်းပင်ဖြစ်ပြီး စာပေပညာရှင် စာဆိုတော်များ၏ စာကောင်းပေမွန်များကို လေ့လာဖတ်ရှုသိမှီးကြရမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့တွင် (၇၅)ကြိမ်မြောက်စိန်ရတုအမျိုးသားစာပေဆုအထိမ်းအမှတ် ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင် အခမ်းအနားတွင် အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

**မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၌** PDF **အမည်ခံအကြမ်းဖက်အဖွဲ့က** Grade-12 **တက္ကသိုလ်ဝင် စာမေးပွဲပြန်လည်ဖြေဆိုကြမည့် ကျောင်းသားများ၏မိဘများအား ခြိမ်းခြောက်ခြင်းများလုပ်ဆောင်**

စာ - ၃၀ သို့

# PDF အမည်ခံအကြမ်းဖက်သမားများက ညောင်ဦးမြို့နယ်၊ ကုန်းဘုရား(ညောင်ပင်ကန်)ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ ကျောင်းအုပ်ဆရာမကြီးနှင့် ခင်ပွန်းဖြစ်သူတို့အား သတ်ဖြတ်၊ ပခုက္ကူမြို့နယ်၊ အမှတ်(၁၇)အခြေခံပညာမူလတန်းလွန်ကျောင်းမှ ဆရာမ ၁ ဦးအား ဖမ်းဆီးခေါ်ဆောင်

နေပြည်တော် ဇွန် ၁၅


NUG လက်ဝေခံ PDF အမည်ခံအကြမ်းဖက်အဖွဲ့များသည် အနာဂတ်ရင်သွေးငယ်များ၏ ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများဆုံးရှုံးပြီး ပညာမဲ့လူတန်းစားများဖြစ်ပေါ်လာစေရန် ယုတ်မာရိုင်းစိုင်းသောရည်ရွယ်ချက်များဖြင့် ကျောင်းသား၊ ဆရာ၊ မိဘများအား ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ပညာရေးဆိုင်ရာအဆောက်အအုံများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ အပြစ်မဲ့ပြည်သူများအား ဖမ်းဆီးသတ်ဖြတ်ခြင်းများကို ဥပဒေမဲ့လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိရာ ယနေ့နံနက် ၈ နာရီခန့်တွင် မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ကုန်းဘုရား(ညောင်ပင်ကန်)ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်နီလာဝင်း **စာမျက်နှာ ၃၀ ကော်လံ ၁** ■

## အထူးမိုးလေဝသ သတင်း

### မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁၅-၆-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၁၆-၆-၂၀၂၅ ရက်နေ့မှ ၁၇-၆-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




နေပြည်တော် ဇွန် ၁၅

ယနေ့ညနေ ၄ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင်မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ **စာမျက်နှာ ၁၄ ကော်လံ ၁** ❍

**တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များနှင့် တရားမဝင် ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ**

စာ - ၂၉ သို့




## နိုင်ငံတကာသတင်း



**အစ္စရေးနဲ့အီရန်ကြားကို ရုရှားက ကြားဝင်ပြီး ပဋိပက္ခတွေကိုပြေလည်စေနိုင်မလား**

စာ - ၂၂ သို့

**ထိုင်းနိုင်ငံနှင့်နယ်နိမိတ်ပြဿနာဖြေရှင်းရေး ကမ္ဘောဒီးယားအစိုးရက အပြည်ပြည်ဆိုင်ရာတရားရုံး၏ အကူအညီကိုတောင်းခံ**

စာ - ၂၃ သို့

**အီရန်ကို အစ္စရေးဘက်က စတင်တိုက်ခိုက်မှု** SCO **က အပြစ်တင်ရှုတ်ချ**

စာ - ၂၃ သို့

